www.burmeseclassic.com

# ပညာမဲ့ ဒိုရိုင်း

## သူ့ကိုမုန်းတဲ့ အချက် ၁၀ ချက်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၅၀၀၃၄၇၀၅၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၅၀၀၄၀၈၀၅၁၂ |
| စီစဉ်သူ | – | သန့်ဇင်ထွန်း |
| ထုတ်ဝေသည့်အကြိမ် | – | ပဌမအကြိမ် |
| ထုတ်ဝေသည့်ကာလ | – | ဇွန်လ၊ ၂၀၁၂ ခုနှစ် |
| ကွန်ပျူတာစာစီ | – | ကြယ်ပွင့် |
| မျက်နှာဖုံးဒီဇိုင်း | – | အာကာ |
| အဖုံးဖလင် | – | EAGLE |
| အတွင်းဖလင် | – | အောဇက် |
| စာအုပ်ချုပ် | – | ဂုဏ်မာန် |
| အတွင်းပုံနှိပ်နှင့် | – | ဒေါ်ကြည်ပြာသွယ် (၀၉၁၇၂) |
| မျက်နှာဖုံးပုံနှိပ် | | ဝင်းတိုးအောင်ပုံနှိပ်တိုက်<br>အမှတ် ၁၈၁၊ လမ်း ၅၀၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ |
| ထုတ်ဝေသူ | – | ဒေါ်သင်းသင်းမွန်<br>သင်းစာပေ (မြဲ-၀၄၂၃၂)<br>အမှတ် ၁၀ ၊ ရတနာမြိုင်လမ်း၊<br>လှည်းတန်း ၊ကမာရွတ်မြို့နယ်။ |
| အုပ်ရေ | – | ၁၀၀၀ |
| တန်ဖိုး | – | ၁၅၀၀ ကျပ် |

### ထုတ်ဝေသည့် စာအုပ်ကတ်တလောက်အညွှန်း (CIP)

၈၉၅ . ၈၃

**ပဥ္စမံဒီရှိုင်း**

သူ့ကိုမုန်းတဲ့အချက်(၁၀)ချက် / ပဥ္စမံဒီရှိုင်း – ရန်ကုန်။

သင်းစာပေ၊ ၂၀၁၂။

၁၃၉ – စာ။ ၁၃ စင်တီမီတာ × ၂၀ စင်တီမီတာ

(၁) သူ့ကိုမုန်းတဲ့အချက်(၁၀)ချက်


အချစ်ရဲ့ပဥ္စလက်ဆန်မှုဟာ

အချစ်နဲ့ထိတွေ့သူတွေအဖို့

ယုံကြည်မှုတစ်ခုပါပဲ။

တစ်ချို့က

အချစ်နဲ့ပတ်သက်လာရင်

ရမ္မက်ပြင်းထန်ကြတယ်လို့

ပြောကြလေရဲ့။

ဒါပေမယ့်

စစ်မှန်တဲ့ချစ်သူတွေအဖို့တော့

အဲဒါက

ရှုံးသွပ်မိုက်မဲမှုတစ်ခုပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

ရာသီဥတုက ဒီနေ့တော်တော်သာယာလို့ နေပါတယ်။ ရာသီဥတုသာယာလို့လား မသိ။ အင်းလျားကန်ပေါင်ရိုးက စည်ကားလို့ နေပါတယ်။ ခုံတန်းလျားတွေမှာလည်း ချစ်သူစုံတွဲတွေ ထိုင်နေတာ ထိုင်ခုံလွတ်တွေတောင် မတွေ့ရပါ။ ကန်ပေါင်လှေခါးထစ်တွေမှာကော မြက်ခင်းပြင်တွေမှာပါ စုံတွဲတွေက ထီးတွေဆောင်းပြီး ထိုင်နေသူတွေတောင် ရှိရဲ့။ သူတို့ခမျာ သူတို့ကိုယ်သူတို့ ဧဒင်ဥယျာဉ်ကြီးထဲ ရောက်နေသလိုပါပဲ။ တစ်ချို့က ပြောကြပါတယ်။ ကိုယ့်မှာ ချစ်သူရှိသလား။ ရှိခဲ့ရင် ကိုယ့်ချစ်သူလက်ကိုကိုင်ပြီး အင်းလျားကန်ပေါင်ရိုးပေါ်မှာ လျှောက်ဖူးရမယ်တဲ့။ အဲဒီစကားကို ဘယ်သူက ပြောခဲ့သလဲတော့ မသိပါ။ ကန်ပေါင်ရိုးမှာတော့ လက်ချင်းချိတ်တဲ့ အတွဲတောင်မက ကလေးငယ်တွေကော လူကြီးတွေပါ သွားသူသွား၊ လာသူလာနဲ့ ရောင်စုံပန်းချီကားတစ်ချပ်လိုပါပဲ။ ဆန်းရေပြင်ကလည်း ဒီနေ့ကျမှ လေတိုက်လို့လား မသိ။ လှိုင်းကြက်ခွပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ထနေပါတယ်။ အင်းလျားကန်ရေပြင်ထဲမှ ရွက်ဖွင့်ထားတဲ့ လှေသုံးစင်းလှော်ခတ်နေတာကို လှမ်းမြင်နေရပါတယ်။

ဖြူစင်မွှေးအဖို့ကတော့ ဒီနေ့ကံကောင်းတယ်လို့ ပြောရမှာပဲ။ တော်သေးတယ်လို့။ သူမ စောစောအင်းလျားကန်ပေါင်ရိုးကိုရောက်လို့ ခုံတန်းလျားနေရာရတာ၊ နောက်ကျမှ ရောက်လာရင်တော့ ထိုင်စရာက ရလမ်းမမြင်။ အခုတော့ ခုံတန်းလျားမှာထိုင်ပြီး စဉ်းစားချင်စရာ စဉ်းစားလို့လည်းရ၊ တွေးချင်ရာတွေးလို့လည်း ရတာပေါ့လေ။ ဖြူစင်မွှေး အလုပ်က မစဉ်းစားမတွေးလို့ မရဖူးလေ။ သူမက အယ်ဒီတာသာ မလုပ်ပေမယ့် အမျိုးသမီးအလှအပမဂ္ဂဇင်းတွေမှာ အချစ်နဲ့ပတ်သက်တာတွေ လစဉ်ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးသားနေရသူ၊ တစ်ခါတလေ နံမည်ထင်ရှားတဲ့ အနုပညာရှင်တွေကို အချစ်အကြောင်းနဲ့ပတ်သက်ပြီး ချစ်ကိုယ်တွေ့အင်တာဗျူးတွေ မေးရတာလည်း ရှိပါသေးတယ်။ သုံးလခြား၊ နှစ်လခြားတစ်ခါ သူမရဲ့အချစ်လုံးချင်းဝတ္ထုတွေကလည်း ထွက်ပါသေးတယ်။

သူငယ်ချင်းတွေကတော့ ပြောကြပါတယ်။ ရည်းစားမရှိ ဘာမရှိနဲ့ သူက အချစ်အကြောင်းဆောင်းပါး၊ အင်တာဗျူး၊ လုံးချင်းဝတ္ထုတွေ ရေးတာ ဘယ်ပီပြင်ပါ့မလဲတဲ့။

မတတ်နိုင်ဖူးလေ။ ကိုယ့်မှာက ချစ်သူရှာဖို့၊ ချစ်သူထားဖို့ အချိန်မှမပေးနိုင်တာ။ ဒါမျိုးက အချိန်ပေးရတာလေ။ ဒါပေမယ့် အခုခုံတန်းလျားမှာ ထိုင်နေရင်းနဲ့ ချစ်သူစုံတွဲတွေကို မြင်ရတော့ ဘာရယ်လို့တော့ မသိ။ သူမ့မသိစိတ်က အားကျချင်သလိုတော့ ဖြစ်လာမိတယ်။

ဒီနေ့ခေတ်အတွဲတွေကလည်း တကယ့်'အလန်း'တွေလို့ ပြောရမတတ်ဘဲ။ ကိုရီးယားစတိုင်မျိုးတွေချည်းပဲ။ ကြည့်လို့ တော်တော်ကောင်းတာ။

ဖြူစင်မွှေးတွေးနေရင်းက ဟိုကြည့်ဒီကြည့် ကြည့်လိုက်ာ... ...ယ်။ အံမယ် . . . ဟိုနားက အတွဲက ကောင်မလေးက စိတ်ကောက်နေတယ် ထင်ပါရဲ့။ ကောင်လေးက လက်မောင်းလေးကိုကိုင်ပြီး ချော့နေလိုက်တာ ကောင်မလေးက နှုတ်ခမ်းကို ဟန်လုပ်ပြီး စူထားနေပါလား။ ဖြူစင်မွှေး အော်ပြောလိုက်ချင်ပါတယ်။ ဆက်ချော့ကောင်လေးရေ . . . ကောင်မလေး စိတ်ကောက်ပြေတော့မယ်လို့။

ဒီဘက်ခုံတန်းလျားက အတွဲကျတော့လည်း ရုပ်ရှင်ဗွီဒီယိုဇာတ်ဝင်ခန်းကျနေတာပဲ။ အမျိုးသမီးက ဖြူစင်မွှေးနဲ့ သက်တူရွယ်တူလောက်တော့ ရှိမယ်။ သူမ နေကြာစေ့စားတာကို သူမချစ်သူအမျိုးသားက လက်ကလေး သူမပါးစပ်အောက်နားကနေ ခံထားပေးမယ်။ ဟိုက နေကြာစေ့ခွံကို ပါးစပ်နဲ့ကိုက်ပြီး ကျလာတိုင်း သူ့လက်ဖဝါးပေါ် နေကြာစေ့ခွံတွေက ကျလို့ပေါ့လေ။ ဒီလို သမီးရည်းစားချစ်သူဘဝက ကြင်နာသလိုမျိုး အိမ်ထောင်ရက်သားကျရင်လည်း ကြင်နာနိုင်ပါ့မလားလို့ မဆီမဆိုင် ဖြူစင်မွှေးက တွေးမိလိုက်သေးတယ်။

ဟိုးမလှမ်းမကမ်းအတွဲကတော့ နေလည်း မပူဘဲနဲ့ အမျိုးသားက ထီးဆောင်းပြီး လူမမြင်အောင် ကာထားတာကို အမျိုးသမီးက ထီးကိုဖယ်လိုက် အမျိုးသားက ထီးကိုပြန်ကာလိုက်နဲ့ ရှုပ်ရှက်ကို ခတ်နေလိုက်တာဆိုတာ မပြောပါနဲ့။

ဖြူစင်မွှေးတစ်ယောက်တည်း မိန်းမသားတန်မဲ့ ဒီလိုလာထိုင်နေတာကို အဲဒီအတွဲတွေက ရည်းစားဖြစ်တဲ့သူ မလာသေးလို့ စောင့်နေသလားဆိုပြီး ထင်ချင်လည်း ထင်မှာပဲလို့။ ဟုတ်တော့လည်း ဟုတ်ဘယ်လေ။ ဖြူစင်မွှေးက ဟိုကြည့်လိုက်၊ ဒီကြည့်လိုက် လုပ်နေလောကိုး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ မထူးပါဘူးဆိုပြီး အင်းလျားကန်ရေပြင်ကြီးကိုပဲ ကြည့်ရင်း တွေးနေမိတော့တယ်။

နောက်တော့ စိတ်ကူးထဲကနေ စကားလုံးတွေပေါ်လာလို့ ပါလာတဲ့ စာအုပ်လေးထဲ ချရေးပြီး ငှားရမ်းနေထိုင်တဲ့ တိုက်ခန်းဆီပြန်လာခဲ့တယ်။ ဒီအချိန်လောက်ဆို သူငယ်ချင်းမ ခင်ရတနာလည်း ပြန်ရောက်လောက်ပြီလို့။

❑



"ဖြူစင်မွေး . . . ဒီမှာကြည့်စမ်း၊ ဘာတွေလဲလို့"

တိုက်ခန်းကို ဖြူစင်မွေးရောက်ရောက်ချင်းမှာပဲ သူငယ်ချင်းမ ခင်ရတနာက စားပွဲပေါ်တင်ထားတဲ့ ပစ္စည်းတွေကို ပြပါတယ်။ ဖြူစင်မွေး ကြည့်လိုက်တော့ အင်္ကျီအဝတ်အစားတွေ ဖြစ်နေပါတယ်။

"ဟယ် . . . များလှချည်လား၊ ဘာလဲ . . . နင့်အလှပြင်ဆိုင် SPA ကနေ ဘောနပ်ကြေးတွေ ရလို့လား"

"No No မဟုတ်ရေးချမဟုတ်၊ အဲဒါတွေ အားလုံးက ငါ့ရဲ့ဘဲဘဲဆိုတဲ့ ကိုကိုက ချစ်လက်ဆောင်အဖြစ် ဝယ်ပေးတာ၊ ဒီနေ့ သူနဲ့ငါ သမီးရည်းစားသက်တမ်း တစ်နှစ်ပြည့်တယ်လေ၊ တော်ဝင်စင်တာကိုသွားပြီး ငါကြိုက်တာတွေ ရွေးခိုင်းပြီး ဝယ်ခိုင်းတာ"

ခင်ရတနာ့လေသံက တော်တော်တက်ကြွနေပါတယ်။ မျက်နှာကလည်း ပျားရည်တွေ လောင်းချထားသလိုမျိုး ရွှင်လို့မြူးနေလို့၊ ဖြူစင်မွေးက ခင်ရတနာ့ချစ်သူကို ချီးကျူးချင်စိတ်တောင် ပေါက်သွားပါတယ်။ ကိုယ့်ချစ်သူအပေါ် သိတတ်ပါလားလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူစင်မွေး . . . နင့်ကို ငါ့ကိုကိုဓါတ်ပုံ ပြရဦးမယ်၊ နင်မတွေ့ဖူးသေးဘူး မဟုတ်လား၊ သူက ရှေ့လဆို သင်္ဘောပြန်တက်ရမှာဆိုတော့ ငါက သူ့ကိုလွမ်းတိုင်းကြည့်ဖို့ တောင်းထားတာ၊ ဒါတောင် ကိုကိုက အင်တင်တင်လုပ်နေလို့ ငါက စိတ်ကောက်ချင်ယောင်ဆောင်ထားရတယ်"

ခင်ရတနာက စကားပြောရင်းကနေ စလင်းဘတ်အိတ်ထဲ လက်နှိုက်လိုက်ပြီး ပလပ်စတစ်လောင်းထားတဲ့ ဓါတ်ပုံတစ်ပုံကို ထုတ်လိုက်ပါတယ်။ ပြီးတော့ ဖြူစင်မွေးကို ပေးလိုက်ပါတယ်။

"ဘယ်လိုလဲ . . . ငါ့ကိုကိုက ချောတယ် မဟုတ်လား၊ ဘယ်လောက်ယောကျ်ားပီသ,သလဲ"

ဖြူစင်မွေးက ဓါတ်ပုံကို သေသေချာချာ ကြည့်လိုက်ပါတယ်။ ခင်ရတနာကြွားလည်း ကြွားချင်စရာပါပဲ။ ခင်ရတနာရဲ့ချစ်သူက ရုပ်တော့ ဖြောင့်သားလို့။ ဒါကြောင့် သူအရူးအမူးဖြစ်နေတာ။ ဘယ်လိုတွေ့သွားကြတာလဲ မသိ။

"နင်လည်း အချစ်အကြောင်းတွေချည်း ရေးနေ၊ အင်တာဗျူးနေနဲ့ ဘယ်သဘာ၀ကျမလဲ၊ ရည်းစားလေးဘာလေး ရှာဦး"

ဖြူစင်မွေးက ခင်ရတနာ့ကို ဓါတ်ပုံပြန်ပေးလိုက်ပြီး ဘာမှမပြောတော့ဘဲ သက်ပြင်းတွေသာ ချနေမိပါတော့တယ်။

❑ ❑ ❑



ချစ်ချင်ပါတယ်
ကိုယ်လည်း နှလုံးသားရှိတဲ့
လူပဲလေ။
ဒါပေမယ့်
ဘာကြောင့်အချစ်က
လိုက်လေဝေးလေ ဖြစ်ရသလဲကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

ဒီနေ့တော့ ဖြစ်ချင်တာဖြစ်ဆိုပြီး ဖြူစင်မွှေးတစ်ယောက် အပြီကို 'လန်း'အောင်အလှပြင်၊ ဝတ်ကောင်းစားကောင်းတွေဝတ်ပြီး ထွက်လာခဲ့တယ်။ အလှပြင်မှန်တင်ခုံမှာ ကိုယ့်ရုပ်ရည်လှသလား၊ မလှသလားလို့ ကြည့်မိသေးရဲ့။ ကိုယ်ဝတ်ထား၊ စားထားတာက ဘာမှမလို ကွက်တီပဲလို့။ လူစည်တဲ့ Shopping စင်တာကို သွားရမယ်။ ကိုယ့်ရဲ့အလှကို သဘောကျလို့ ကိုယ့်ကို အပြီကြွေပြီး ကိုယ့်နောက်ကနေ တကောက်ကောက်လိုက်လာမယ့် ယောကျ်ားလေးတွေကို ဘယ်သူက ရုပ်ဘယ်လောက်လှသလဲ မသိမသာ ကိုယ်က ရွေးချယ်ပြီး အီစလီ၊ ကီစလီလုပ်ရင် ပွဲကပြီးပြီလို့ ဖြူစင်မွှေးတစ်ယောက် စိတ်ကူးထဲမှာ ပဲရိုက်နေမိပါတယ်။

ကားမှတ်တိုင်မှာ ကားစောင့်နေတုန်း အထူးကားက မှတ်တိုင်မှာရပ်လိုက်ပါတယ်။ နေ့လယ်ခင်းမို့ လူကလည်း ချောင်နေလို့ ကားပေါ်ပြေးတက်ပြီး လွတ်နေတဲ့ခုံမှာ ဝင်ထိုင်လိုက်ပါတယ်။ ကားက နှစ်မှတ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လောက်အရပ်မှာ ခရီးသည်တွေတက်လာလို့ ထိုင်ခုံနေရာတော်တော်များများ လူပြည့်သွားပါတယ်။ နောက်တစ်မှတ်တိုင်အရောက်မှာ ယောက်ျားသားတစ်ဦး ကားပေါ်တက်လာပါတယ်။ နည်းနည်း လူက ယိုင်ချင်သလိုမျိုးပါပဲ။

"ကဲ . . . ဒီက အစ်ကို၊ နောက်ကို သွားပေးပါ။ ဟိုမှာ တစ်နေရာလွတ်နေတယ်၊ ဝင်ထိုင်လိုက်ပါ"

ကားစပယ်ယာက ဖြူစင်မွှေးထိုင်နေတဲ့ခုံကို ညွှန်ပြပါတယ်။ အဲဒီ ယိုင်ထိယိုင်ထိုင်ဖြစ်နေတဲ့လူက ဖြူစင်မွှေးထိုင်နေတဲ့ခုံရဲ့ လွတ်နေတဲ့နေရာမှာ ဝင်ထိုင်ပါတယ်။ ဖြူစင်မွှေးက အဲဒီလူကို မသိမသာ အကဲခတ်မိတော့ အသက်က ဖြူစင်မွှေးထက် ဆုံးလေးငါးနှစ်လောက် ကြီးမယ့်ပုံပါ။ ဒါပေမယ့် ဆံပင်တွေက ဆီမထည့်ထားဖူး၊ ခေါင်းမဖြီးထားဖူးဆင်ပါရဲ့ ဘုတ်သိုက်ကြီး ဖြစ်နေပါတယ်။ မျက်နှာကလည်း နီရဲနေရုံမကဝတ်ထားတဲ့ အင်္ကျီကလည်း မလျှော်ဖူးလား မသိပါ။ နံဟောင်လို့ နေပါတယ်။ ဒီထက်ပိုဆိုးတာက အဲဒီလူ အရက်တွေ သောက်လာသလားမသိ။ အရက်နံ့သာမက ချွေးနံ့တွေကလည်း နံဟောင်နေလို့ ဖြူစင်မွှေးခေါင်းထဲမူးချင်သလိုဖြစ်လာလို့ လက်ကိုင်ပုဝါအမြန်ထုတ်ပြီး နှာခေါင်းပိတ်ထားရပါတယ်။

မြိုင်ရာဇာတွတ်ပီစကားနဲ့ ပြောရရင် ဒီနေ့တော့ စစချင်း ကံကတော့ဆိုးပြီလို့။ ဒီအမူးသမား ဘယ်မှတ်တိုင်မှာ ဆင်းမလဲမသိ။ ဒင်းကလည်း ရောက်ရောက်ချင်းဆိုသလို ကားခပေးပြီးကတည်းက ခေါင်းငိုက်စိုက်ချပြီး ခုနှစ်ရက်၊ ခုနှစ်လီ အိပ်ပျက်လေသလား မှတ်ရတယ်။ မျက်စိတို စုံမှိတ်ပြီး အိပ်နေလိုက်တာ ပါးစပ်က သွားရေတွေကျတာတောင်မသိ။ ဖြူစင်မွှေးအဖို့ ရှုလိုက်တာဆိုတာ ဆင်းမယ့်မှတ်တိုင်မြန်မြန်ရောက်





ပါစေလို့ ဆုတောင်းနေမိပါတယ်။

❑

အခုမှပဲ ဖြူစင်မွှေးအသက်ရှူဝတော့တယ်။ အရက်နံ့၊ ချွေးနံ့တက်က လွတ်မြောက်သွားလို့ပါ။ ကားမှတ်တိုင်ကနေ တော်ဝင်စင်တာရှိရာကို လမ်းလျှောက်လာပြီး တော်ဝင်စင်တာထဲကို ဝင်လိုက်ပါတယ်။ တော်ဝင်စင်တာထဲမှာလည်း လူတွေများ အလကားပေးသလား ထင်ရတယ်။ ကြိတ်ကြိတ်တိုး ဝယ်နေလိုက်ကြတာ။ ဖြူစင်မွှေးလည်း ဟိုငေးဒီငေးနဲ့ လျှောက်ကြည့်နေမိတယ်။

ဖြူစင်မွှေးလည်း ဘယ်ရမလဲ၊ ဟိုကြည့်ဒီကြည့် ကြည့်နေရင်းကပေးပြီး မသိမသာ ခြေလှမ်းတွေကို ဖြေးဖြေးလှမ်းနေမိတယ်။ ဖြူစင်မွှေးအလန်း'ဝတ်ထားတာကို အားပေးတဲ့ ပုရိသယောက်ျားတွေတော့ ရှိပါရဲ့။ ဒါပေမယ့် ရင်ခုန်လောက်စရာ ရုပ်ခံတွေက တစ်ကွက်မှမရှိဖူးဖြစ်နေလို့ ဒီနေ့တော့ ထပ်ကံမကောင်းပြန်ပြီလို့။

ဟော . . . ဖြူစင်မွှေးထခုန်မိမလိုတောင် ဖြစ်သွားပါတယ်။ သူမရဲ့ရှေ့တည့်တည့်မှာ နေကာမျက်မှန်တပ်ထားပြီး လက်ထဲမှာ အင်္ကျီအိတ်ကိုဆွဲလာတဲ့ လူငယ်တစ်ဦးကို တွေ့ရလို့ပါ။ အသားအရေက ဖြူဖြူမွှေးမွှေးနဲ့ ဝတ်တာစားတာကလည်း ကိုရီးယားမင်းသား'ရိမ်း'နဲ့ နင်လားငါလားပဲ။ ရုပ်ရည်ကလည်း ခပ်ဆင်ဆင်။

ဖြူစင်မွှေး နည်းနည်းတော့ 'ခွင်'ဆင်ရမယ်လို့။

ဖြူစင်မွှေးလွယ်ထားတဲ့ စလင်းဘတ်အိတ်ထဲကနေ လက်ကိုင်ပုဝါကို ထုတ်လိုက်ပါတယ်။ အဲဒီလက်ကိုင်ပုဝါကို ဖြူဖြူချောချောနဲ့ လူငယ်



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ မသိမသာချလိုက်တယ်။ သူက လက်ကိုင်ပုဝါကိုကောက်ပြီး ပြန်ထားလိုက်တယ်။ ဒီတော့ ကျေးဇူးတင်ပါတယ် ဘာညာပြောပြီး သူ့ကိုတစ်ခုခုပြောလိုက်တော့မယ်။ ပြီးတော့ နံမည်တွေဘာတွေမေး။ ဖုန်းနံပါတ်တွေဘာတွေ အပြန်အလှန်ပေးရင်း နောက်တော့ဘာညာဖြစ်မယ်ဆိုပြီး ဖြူစင်မွှေးတွေးရင်း ကျေနပ်လို့ နေပါတယ်။

အသားဖြူဖြူချောချောနဲ့ လူငယ်က ဖြူစင်မွှေးနားရောက်လာပြီ

ဖြူစင်မွှေးလက်ကိုင်ပုဝါကို မသိမသာ ပစ်ချလိုက်ပြီး ရှေ့ကို ဆက်လျှောက်သွားပါတယ်။ ခြေလှမ်းကို ခပ်ဖြေးဖြေးလှမ်းရင်း မသိမသာ နောက်ကိုလှည့်ကြည့်မိပါတယ်။

အသားဖြူဖြူချောချောနဲ့ လူငယ်က အောက်မှာကျနေတဲ့ လက်ကိုင်ပုဝါကို ကြည့်လိုက်ပြီး ခြေထောက်နဲ့ ဖယ်ထုတ်လိုက်ပြီး ထွက်သွားပါတယ်။

ဖြူစင်မွှေး ကိုယ့်နဖူးကိုယ် လက်နဲ့ရိုက်ပြီး အဲဒီအသားဖြူဖြူချောချော ကိုရီးယားမင်းသားရိမ်းနဲ့တူတဲ့ လူငယ်ကို ပါးစပ်ကနေ ရေရွတ်ရင်း မေတ္တာပို့မိပါတယ်။

ဒီနေ့တော့ ဒုတိယအကြိမ် ကံဆိုးပြန်ပြီလို့။

❑

ဒီနေ့ အဆင်မပြေတာ မထူးတော့ပါဖူးဆိုပြီး ဗိုက်ကလည်း ဆာလာတာနဲ့ စားသောက်ဆိုင်ထဲဝင်ပြီး မြီတ်ကတ်ကြေးကိုက်ကို စားနေမိပါတယ်။ မြီတ်ကတ်ကြေးကိုက်ကို စားနေရင်းက သူမရဲ့စားပွဲနဲ့ မျက်နှာချင်းဆိုင်တည့်တည့်မှာ စားနေတဲ့လူကို သတိထားကြည့်မိတော့ သူလည်း





ဖြူစင်မွှေးနဲ့ သက်တူရွယ်တူလောက် ရှိမယ့်ပုံပါပဲ။

သူလည်း ဖြူစင်မွှေးလိုပဲ ဗိုက်ဆာနေသလားမသိ။ ခေါင်းမဖော်တမ်း စားလို့နေပါတယ်။ သူ့ရုပ်ရည်ကိုကြည့်ရတာ ယောက်ျားပီသပုံပေါ်နေပါတယ်။ တီရှပ်အကျႌကျပ်ကျပ်ကို ဝတ်ထားတာ သူ့ရင်အုံ၊ သူ့လက်မောင်းသားတွေကို ကြည့်ခြင်းအားဖြင့် အားကစားတစ်ခုခုလိုက်စားမယ့် ပုံပေါ်နေပါတယ်။

သူနဲ့သာ တွဲရမယ်ဆိုရင် ဖြူစင်မွှေးနဲ့ ရှေ့သွားနောက်လိုက်ညီမှာပဲလို့။ ဖြူစင်မွှေးက သူ့ကို ဘယ်လိုချဉ်းကပ်ရမလဲလို့ စဉ်းစားရင်းက နောက်ဆုံးအကြံရသွားပါတယ်။

အဲဒီအကြံက သူစားနေရင်းက ဖြူစင်မွှေးရှိတဲ့ စားပွဲဝိုင်းကို လှမ်းကြည့်ရင် ဖြူစင်မွှေးက ပြုံးပြမယ်။ သူကလည်း ပြန်ပြုံးပြရင် အိုကေပြီလို့။ နောက်ဆက်တွဲကိစ္စကို အခြေအနေအရ လုပ်ရုံပဲလို့။

ခက်တာက အဲဒီလူကလည်း ဘယ်လောက်တောင် ဆာလောင်နေတာသိပ်နေသလဲမသိ။ တစ်လောကလုံး ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ ပုံစံမျိုးနဲ့ အစားကိုသာ ဖိတွယ်နေပါတယ်။

"ပိုက်ဆံရှင်းမယ်ဟေ့ . . . "

အဲဒီလူက စားပွဲထိုးကို ခေါ်လိုက်ပါတယ်။

"ဘယ်လောက်ကျလဲ"

"လေးထောင်ပါ"

"ဘာကွ . . . ခေါက်ဆွဲကြော်တစ်ပွဲကို မင်းတို့ဆိုင်က လေးထောင်တောင် ယူရသလား"

"ဒါက ဒီဆိုင်ရဲ့ပုံမှန်ဈေးပါပဲ၊ ငွေကြေးနဲ့တန်အောင် ကျွန်တော်တို့ဆိုင်က ဘာမှမခိုဘဲ အရသာရှိအောင် စီမံထားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးက ရှင်းပြပါတယ်။

“ဘာအရသာရှိတာလဲ၊ တစ်ခြားခေါက်ဆွဲကြော်တွေနဲ့ အတူတူပဲ ဗိုက်ဆာလို့ ဝင်စားပါတယ်၊ ဈေးကြီးမိပြီ၊ မသကာ တစ်ပွဲနှစ်ထောင်၊ နှစ်ထောင့်ငါးရာလောက်ဆို တော်သေးတယ်၊ လမ်းဘေးက အပြင်ဆိုင်မှာစားရင် ထောင့်ငါးရာလောက်ပဲကျမှာ၊ ငါဆိုတဲ့ကောင်ကိုက ရှည်တာ၊ ဗိုက်ဆာလို့ ဝင်စားမိပါတယ် . . . မှားပြီ”

“ကျွန်တော်တို့ဆိုင်က ဝန်ဆောင်မှုစရိတ်တွေလည်း ရှိတယ်၊ အစ်ကိုစားဖူးတဲ့ လမ်းဘေးဆိုင်နဲ့တော့ နေရာထိုင်ခင်းချင်းက ဘယ်တူပါ့မလဲ၊ ဒီလောက်တော့ နားလည်ပေးပါ”

“နားမလည်နိုင်ဖူးကွ၊ ရော့ . . . ဒီမှာ လေးထောင်၊ နောက်ကိုမင်းတို့ဆိုင်ရှေ့က ယောင်လို့ ငါဖြတ်လျှောက်မိရင် မင်းငါ့ခြေထောက်ကိုသာ ဖြတ်ပစ်လိုက်တော့”

အဲဒီလူက စားပွဲထိုးတို့ ငွေလေးထောင်ပေးပြီး စားပွဲဝိုင်းကနေ အလိုမကျတဲ့ ပုံစံမျိုးနဲ့ ထွက်သွားပါတယ်။

ဖြူစင်မွှေးက ရင်ဘတ်ကို လက်နဲ့ဖိရင်း တော်ပါသေးရဲ့လို့ ဆိုင်အနေအထားကို မကြည့်ဘဲ ကိုယ်ပြောချင်ရာ ကိုယ်ပြောပြီး သည်လောက်ကပ်စေးနည်းတဲ့သူနဲ့ မပတ်သက်လိုက်ရတာ အတော်ကံကောင်းပြီလို့။

ဖြူစင်မွှေး ဆုံးဖြတ်ချက်ချလိုက်ပါတယ်။ ကံမကောင်းခြင်းတွေနဲ့ ရင်ဆိုင်ရတဲ့ ဒီနေ့အဖို့ တော်ပြီ။ နောက်ကို ဘယ်ဖူးစာရှင်မှ မရှာတော့ဖူးလို့ သူ့ဟာသာသူ ကံကြမ္မာက ဖန်တီးတဲ့သူသာ စောင့်မျှော်တော့မယ်လို့။

ဒီအဖြစ်အပျက်ကို သူငယ်ချင်းမ ခင်ရတနာသာသိရင် ဘာပြောလေမလဲမသိ။



အချစ်နဲ့ပတ်သက်လာရင်
လူတိုင်းမှာ ...
အစွင့်အလမ်းတစ်ခုခုတော့
ရှိနေမှာ လုံးဝသေချာတယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဖြစ်ပျက်သမျှအားလုံးစုံကို သူငယ်ချင်းဖြစ်တဲ့ ခင်ရတနာကို ပြော ပြီးတော့ ဖြူစင်မွေးကိုကြည့်ပြီး ရယ်ပါတော့တယ်။ ဖြူစင်မွေးအဖြစ်ပျက် က ရယ်ဖို့လည်း ကောင်းတာကိုး။

"ဖြူစင်မွေးရာ အချစ်ဆိုတာမျိုးက အဲ့ဒီလို လုပ်လို့ရတယ်လို့ နင့်ကို ဘယ်သူက ပြောသလဲ၊ နင်တော်တော်ရူးတာပဲ၊ ငါတော့ နင့်ကို နားမလည်ချင်သလိုတောင် ဖြစ်လာပြီ"

ခင်ရတနာက ဖြူစင်မွေးကိုပြောရင်းကနေ ဖွင့်ထားတဲ့ တီဗွီကို မျက်စွန်ထရှိုးယူပြီး အသံတိုးလိုက်ပါတယ်။

"ဒါကတော့ဟယ် . . . ငါလည်း ဒီအသက်ဒီအရွယ်ရောက်မှ တော့ အချစ်ဆိုတာကို မြည်းစမ်းကြည့်ချင်တာပေါ့၊ သူများတွေ စုံတွဲ တိုယ်စီနဲ့ ရှိနေချိန်မှာ ငါကြတော့ တစ်ယောက်တည်းလေ"

"နင် . . . အဲဒီလိုလျှောက်လုပ်နေရင် မိန်းမဈေးကျသွားမှာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး အခန့်မသင့်ရင် ဘဝပါ ပျက်သွားနိုင်တယ်ဆိုတာကို နင်သိလား"

ခင်ရတနာက တီဗွီကို လှမ်းကြည့်လိုက်ပါတယ်။ တီဗွီကနေ ကိုရီးယားဇာတ်လမ်းတွဲ လာတော့မှာမို့ ကြော်ငြာတွေ လွှင့်နေပါတယ်။

"ဖြူစင်မွေး . . . ငါတို့အသက်အရွယ်က ရည်းစားတွေ ထည်လဲတွဲပြီး နေရမယ့်အရွယ် မဟုတ်ဘူး၊ ကိုယ့်ဘဝအတွက်လည်း သင့်တော်မယ်၊ ကိုယ်ကလည်း မြတ်နိုးနိုင်တယ်ဆိုရင် အဲဒီလူကို ဘဝခရီးဖော် အဖြစ် ရွေးချယ်ရမယ့် အနေအထားမျိုးဟာ၊ မြီးကောင်ပေါက်မလေးတွေလို စိတ်ကစားရမယ့် အရွယ်မဟုတ်ဘူး၊ နင်လည်း ချစ်သူရည်းစားထားပြီး ဘဝခရီးဖော် ရွေးမယ်ဆိုရင် စံနှုန်းတစ်ခုတော့ ရှိရမယ်"

"ခင်ရတနာရယ် . . . နင်ပြောတာ မှန်ပါတယ်၊ ငါလည်း ငါ့စံနှုန်း ငါရှိပါတယ်၊ ငါက နည်းနည်းတော့ ဂျီးများတယ်၊ ငါ့ချစ်သူ ငါ့ဘဝခရီးဖော်ဟာ အသားမည်းတဲ့သူ မဖြစ်ရဘူး၊ အသားဖြူတဲ့သူ ဖြစ်ရမယ်၊ မည်းမည်းသည်းသည်းကြီးကိုတော့ တစ်သက်လုံး သည်းခံပြီး ပေါင်းဖို့ကို မလွယ်ဘူး၊ ပြီးတော့ ငါ့မှာ လျှို့ဝှက်ချက်ဆယ်ချက်ရှိတယ်၊ ငါမကြိုက်တဲ့ အချက်တွေပေါ့၊ အဲဒီဆယ့်ချက်နဲ့ ကင်းလွတ်တဲ့သူကို ငါက ချစ်သူအဖြစ်တော့ ဘဝခရီးဖော်အဖြစ်ပါ ရွေးချယ်မှာ"

ခင်ရတနာက ဖြူစင်မွေးရဲ့စကားကို နားထောင်နေရင်းကနေ ဖြူစင်မွေးကို ထူးဆန်းသလို ကြည့်လိုက်တယ်။

"ဖြူစင်မွေး . . . အချစ်ဆိုတာ အဲဒီလိုမျိုး ဉပဒေပြဋ္ဌာန်းချက် ထုတ်လို့ မရဘူး၊ အဓိကအရေးကြီးတာက ကိုယ့်ကလည်း သူ့ကို မြတ်နိုးမယ်၊ သူကလည်း ကိုယ့်ကို မြတ်နိုးမယ်၊ အဲဒီလို မြတ်နိုးချင်းထပ်တူကျတဲ့ သူနှစ်ဦးဟာ အသက်အရွယ်ကြီးရင့်လာတဲ့အခါမှာ သူတို့နှစ်ဦးရဲ့ မြတ်နိုးမှုတွေဟာ ဒီကမ္ဘာကြီးမှာ အလှဆုံးဖြစ်လာမှာပဲလို့ ငါထင်တယ်၊





နင့်ခံယူချက်နဲ့တော့ တူမှာမဟုတ်ဘူး၊ ဒါပေမယ့် အချစ်နဲ့ပတ်သက်လာရင်တော့ လူတိုင်းမှာ အခွင့်အလမ်းတစ်ခုခုတော့ ရှိနေမှာပါဟာ၊ နင် လိုက်ရှာမနေပါနဲ့၊ ကိုယ်နဲ့တန်ရာတန်ရာရမယ့် ချစ်သူအတွက် အသင့်ရှိနေပြီးသားပါ။ မျဉ်းပြိုင်နှစ်ကြောင်း မဆုံသေးလို့ပါ"

ခင်ရတနာက တီဗွီဖက်ကို တစ်ချက်လှမ်းကြည့်လိုက်ပါတယ်။ ကိုရီးယားဇာတ်လမ်းတွဲကတော့ ဇာတ်ရှိန်မြင့်တဲ့နေရာ ရောက်နေပါပြီ။

"ခင်ရတနာရယ် . . . နင်ကတော့ ပြောအားရှိတာပေါ့၊ နင်က နင့်ကိုကို့ကို ပိုင်ဆိုင်ထားပြီးပြီကိုး၊ ဒီတော့ နင်ပြောနိုင်တာပေါ့၊ နင်တို့နှစ်ယောက် သိပ်ချစ်ကြတာပဲလား"

"ချစ်သူတွေဘဝမှာ ဒုက္ခဆိုတာ ချစ်သူတွေအတွက် ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပဲ၊ အဲဒီဒုက္ခသောကတွေ ဖြစ်လာရင် ဘယ်တော့မှ ကိုယ်ချစ်ရတဲ့ချစ်သူကို ဝေမျှမပေးနဲ့၊ အဲဒါကို သူက သိသွားရင် ကိုယ့်စိတ်ဓါတ်ကို သူကသိလို့ သူ့အချစ်တွေပိုလို့ ကိုယ့်နှလုံးသားထဲ သွန်းလောင်းပေးလိမ့်မယ်၊ ငါက ကိုကို့အပေါ် အဲဒီလို ခံယူထားတာ"

ဖြူစင်မွေး ဘာစကားမှ ထပ်မပြောတော့ပါ။ ခင်ရတနာပြောသော စကားတွေကို တွေးနေမိပါသည်။ သူပြောတာ မှန်တော့ မှန်နေသလားလို့။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

ဘယ်တန်ခိုးရှင်က
တွန်းပို့လိုက်သလဲ မသိ။
ကျွန်မမုန်းတဲ့ ...
နံပါတ်တစ်အချက်မှာတင်ပဲ
စာမေးပွဲက ကျပြီ။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ပျိုပျိုမေ" မဂ္ဂဇင်းတိုက်ရဲ့အယ်ဒီတာချုပ် မမသူရဲ့ရုံးခန်းထဲကို ဖြူစင်မွှေးရောက်တော့ နေ့လယ်တစ်နာရီခွဲလောက်ရှိပြီ။ မမသူက မဂ္ဂဇင်းတိုက်ကိုပို့လာတဲ့ စာမူတွေကို စားပွဲပေါ်မှာထပ်ပြီး ညီအောင်စီနေတယ်။ ထူးခြားတာက မမသူရဲ့စားပွဲရှေ့က ခုံတစ်လုံးမှာ ဖြူစင်မွှေးနဲ့ သက်တူရွယ်တူလောက်ရှိမယ့် အသားဖြူဖြူနဲ့ လူတစ်ဦးက ထိုင်နေတယ်။

"ဖြူစင်မွှေး ထိုင် . . ."

ဖြူစင်မွှေးလည်း လွတ်နေတဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ပါတယ်။

"ဖြူစင်မွှေးရေ . . . မိတ်ဆက်ပေးရဦးမယ်၊ သူက မြတ်နိုးတဲ့၊ မမတို့ မဂ္ဂဇင်းမှာ လက်ထောက်အယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်နေလေ၊ သူက ကဗျာလည်း ရေးတယ်၊ တစ်ခါတလေ ဗွီဒီယိုဇာတ်ညွှန်းလေးဘာလေးလည်း ရေးတယ်"

"ကျွန်တော်မြတ်နိုးပါ . . . ဟဲ . . . ဟဲ၊ တွေ့ရတာ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

**ဖြူစင်မွှေးက** မြတ်နိုးဆိုတဲ့လူကို တဒင်္ဂအတွင်း အကဲခတ်မိရ **သလောက်တော့** နည်းနည်းမျက်နှာပြောင်မယ့် လူမျိုး၊ စတတ်နောက် **တတ်တဲ့ လူမျိုး**ဖြစ်ဖို့ များတယ်လို့ ယူဆမိပါတယ်။

"ဖြူစင်မွှေးက အချစ်ဆောင်းပါးတွေ၊ ချစ်ကိုယ်တွေ့အင်တာဗျူးတွေ ရေးသလို လုံးချင်းလည်း ရေးတယ်"

"ကြားဖူးပါတယ်၊ ဖတ်လည်း ဖတ်ဖူးပါတယ်၊ အရေးအသား တင်ပြချက်တွေက ပြောင်မြောက်ပါတယ်၊ မသိလို့ မေးပါရစေ၊ ရည်းစားတွေ အများကြီးထားဖူးမှာပေါ့နော်၊ ဒါကြောင့် ပြောင်မြောက်နေတာ ဖြစ်ရမယ်"

မြတ်နိုးဆိုတဲ့လူက တကယ်ပဲ ပြောတာလား၊ နောက်ပဲ နောက်လိုက်တာလားတော့ မသိ။ ဖြူစင်မွှေး နည်းနည်းတော့ ဒေါသစွက်ချင်သလို ဖြစ်သွားပါတယ်။

"ကျွန်မမှာ ဘာရည်းစားမှ မရှိဘူး၊ ကျွန်မအလုပ်နဲ့ကျွန်မ မအားလွန်းလို့ ရည်းစားထားဖို့ အချိန်မပေးနိုင်ဘူး"

ဖြူစင်မွှေးလေသံက နည်းနည်းမာသွားပါတယ်။

"ဟုတ်မှာပါ၊ ကျွန်တော်လည်း ကြားဖူးတယ်၊ ရည်းစားမရှိတဲ့သူတွေရေးတဲ့ အချစ်အကြောင်းတွေက ရည်းစားရှိတဲ့သူတွေ ရေးတာထက် ပိုသာတယ်တဲ့၊ ဘာဖြစ်လို့လည်းဆို အမျိုးမျိုးစိတ်ကူးယဉ်လို့ ရတယ်တဲ့"

တော်တော်စကားကြောရှည်တဲ့ လူပဲလို့၊ ဖြူစင်မွှေးက ဒီလောက်ရွဲ့ပြောတာတောင် မြတ်နိုးဆိုတဲ့လူက လေကြောရှည်လို့ပါ။

"ဖြူစင်မွှေးကို ပြောရဦးမယ်၊ မမတို့ ပျိုပျိုမေကွာလတီမဂ္ဂဇင်း





က ဒီလကစပြီး တစ်ဖောင်တိုးမယ်၊ အဲဒီတစ်ဖောင်က **ကာလာလေးရောင်** ချည်းပဲ သုံးမှာ၊ အဲဒီတိုးတဲ့တစ်ဖောင်က အနုပညာရှင်တွေရဲ့ **ချစ်ကိုယ်**တွေ့တွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေ၊ လူငယ်တွေရဲ့ ချစ်ကိုယ်တွေ့တွေနဲ့ အချစ်နဲ့ပတ်သက်တဲ့ အမြင်တွေကို ဓါတ်ပုံတွေ၊ အင်တာဗျူးတွေ၊ ဆောင်းပါးတွေပါ ထည့်မယ်၊ ဒီတော့ ဖြူစင်မွှေးက ဒီက မြတ်နိုးနဲ့တွဲပြီး အဲဒီအစီအစဉ်ကို ပူးပေါင်းလုပ်ပါ၊ စာမူခ၊ ခရီးစရိတ် ကောင်းကောင်းပေးမယ်"

ဖြူစင်မွှေး နည်းနည်းစိတ်ညစ်သွားပါတယ်။

"မမရယ် . . . ခါတိုင်းလည်း ကျွန်မတစ်ယောက်တည်းပဲ ရေးနေတာပဲဟာ . . . ရပါတယ်"

"မဟုတ်သေးဘူး ဖြူစင်မွှေးရဲ့၊ နှစ်ယောက်ဆိုတော့ Idea ပိုသစ်တာပေါ့၊ ဒါကြောင့်ပါ၊ ကဲ . . . ဘာလုပ်မလဲဆိုတာ မြတ်နိုးနဲ့ ဖြူစင်မွှေးတို့ ဆွေးနွေးကြ"

အယ်ဒီတာချုပ်မမသူ စကားအဆုံး မြတ်နိုးက . . .

"ဒီနေ့တော့ ဒီက ဖြူစင်မွှေးနဲ့ အလုပ်ပေါင်းလုပ်ရမှာဆိုတော့ စပြီးသိတဲ့ အထိမ်းအမှတ်နဲ့ ကျွန်တော်လက်ဖက်ရည်လိုက်တိုက်မယ်၊ လက်ဖက်ရည်ဆိုင်ရောက်မှ စားရင်းသောက်ရင်း ဆွေးနွေးကြတာပေါ့"

"ဟုတ်တယ် ဖြူစင်မွှေးရေ မြတ်နိုးပြောတာ မှန်တယ်၊ ကဲ . . . လိုက်သွား"

မမသူကလည်း အရမ်းတက်ကြွနေသလားတော့ မသိ။ မြတ်နိုးနဲ့ လက်ဖက်ရည်ဆိုင်ထိုင်ဖို့ ဖြူစင်မွှေးကို အတင်းသွားခိုင်းပါတယ်။

ခက်တာက ဖြူစင်မွှေးအဖို့ ယောကျ်ားသားတစ်ဦးနဲ့ တစ်ခါမှ လက်ဖက်ရည်ဆိုင် မထိုင်ဖူးလေတော့ ဘယ်လိုမျက်နှာနဲ့ ထိုင်ရမှာလဲလို့ နေမသိထိုင်မသာ ဖြစ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ဖြစ်ချင်တာဖြစ်ဆိုပြီး မြတ်နိုးနဲ့ လက်ဖက်ရည်ဆိုင်ကို ထွက်လာခဲ့မိပါတယ်။

❑



လက်ဖက်ရည်ဆိုင်ထဲမှာ အလှူပေးသလား ထင်ရတယ်။ လာရောက်သောက်သုံးသူတွေက အပြည့်။ တကယ်တော့ အရှေ့အကောင်းရင် လာကြတာ ‘၁ဆန်းပါဘူး။ ဘယ်ခုံလွတ်မလဲလို့ မြတ်နိုးက ဟိုကြည့်ဒီကြည့်,ကြည့်ရင်း နောက်ဆုံးတော့ ထောင့်ဆုံးစားပွဲခုံမှာ ခုံလွတ်နှစ်နေရာရှိလို့ ဖြူစင်မွေးကို အဲဒီနေရာသွားဖို့ သူက ရှေ့ကနေ သွားပါတယ်။ စားပွဲဝိုင်းကိုရောက်တော့ ဖြူစင်မွေးကို အရင်ထိုင်ခိုင်းပါတယ်။ မြတ်နိုးက ဖြူစင်မွေးနဲ့ ကပ်လျက်ခုံမှာ ထိုင်လိုက်တယ်။ ဖြူစင်မွေးတို့ ရှေ့တည့်တည့်မှာရှိတဲ့ စားသုံးသူသုံးယောက်ကတော့ နန်းပြားသုတ်၊ နန်းကြီးသုတ်၊ ရှမ်းခေါက်ဆွဲသာမက ပေါက်စီတွေကော၊ လက်ဖက်ရည်ကိုပါ အပီအားပေးတာ ဘယ်တုန်းကများ ဗိုက်ဘယ်လောက်ဆာလောင်လာလဲ မသိ။ ဖြူစင်မွေး ပြုံးမိပါတယ်။ ဩော် . . . လူဆိုတာ ဆာလောင်မွတ်သိပ်လာရင် ဘာကျွေးကျွေး အကုန်စားတာပါလားလို့။

“ဖြူစင်မွေး ဘာစားမလဲ၊ ဘာသောက်မလဲ”



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးက Menu စာရွက်ကိုကြည့်ရင်း မေးလိုက်ပါတယ်။

"ရပါတယ် . . . လက်ဖက်ရည်ပဲ လုပ်ပါ"

တကယ်တော့ ဖြူစင်မွှေးက ကြေးအိုးသောက်ချင်နေတာ။ ဒါပေမယ့် ကြေးအိုးသောက်ရင် ကြေးအိုးက ပူတော့ ချွေးပြန်မှာမို့ ကိုယ်နဲ့ အခုမှသိတဲ့ ယောက်ျားသားဘေးမှာ ကြေးအိုးသောက်ရင်း နဖူးက ချွေးတွေသုတ်ရမှာဆိုတော့ ရှက်ဖို့ ဘယ်လောက်ကောင်းမလဲ။ ဒါကြောင့် လက်ဖက်ရည်သာ မှာလိုက်ပါတယ်။

"လက်ဖက်ရည်ချည်းပဲ ဘယ်ကောင်းမလဲ၊ ဒီလိုလုပ် . . . ဒီဆိုင်က ဆီချက်လည်း ကောင်းတယ်၊ ဒီတော့ ခင်ဗျားလည်း ဆီချက်စား၊ ပြီးရင် လက်ဖက်ရည်သောက်၊ ကျွန်တော်လည်း ဆီချက်စားမယ်၊ လက်ဖက်ရည်သောက်မယ်၊ ဟေ့ . . လက်ဖက်ရည်နှစ်ခွက်၊ ကြက်သားဆီချက်နှစ်ပွဲ . . ."

မြတ်နိုးက စားပွဲထိုးကို လှမ်းပြီး အော်ပြောလိုက်ပါတယ်။ ဖြူစင်မွှေးတွေးမိပါတယ်။ မြတ်နိုးဆိုသောလူက စိတ်မြန်လက်မြန် ရှိမယ့်လူလို့။

မှာထားတဲ့ လက်ဖက်ရည်နှစ်ခွက်နဲ့ ဆီချက်နှစ်ပွဲရောက်လာပါတယ်။

"အလုပ်အကြောင်း နောက်မှပြောကြတာပေါ့၊ ကဲ . . . အရင်စားလိုက်၊ အစားဆိုတာ ပူမှစားကောင်းတာ၊ ဆီချက်ပူပူလေး စားလိုက်ဦး"

မြတ်နိုးက ပြောပြောဆိုဆိုနဲ့ တူတစ်စုံကို ပလပ်စတစ်ဖောက်လိုက်ပြီး ဆီချက်ကို မွှေရင်းက စားလိုက်ပါတယ်။ ဖြူစင်မွှေးလည်း ဗိုက်က နည်းနည်းဆာနေတော့ ဟန်မဆောင်နိုင်ဘဲ တူတစ်စုံကိုယူ ပလပ်စတစ်အိတ်ကိုဖေါက်ပြီး ဆီချက်ကိုမွှေရင်းက စားမိလိုက်တယ်။





ပြောမယ့်သာ ပြောတာ၊ ဆီချက်က တော်တော်**အရသာရှိတာ**ပဲလို့။

မြတ်နိုးကတော့ ဘာစကားမှမပြောဘဲ ဆီချက်ကိုသာ **ဖိစား**နေပါတယ်။ အဲဒီအချိန်မှာ ဖြူစင်မွှေးတို့ရှေ့က စားနေတဲ့သုံးဦးက ပိုက်ဆံရှင်းပြီး ထသွားပါတယ်။

ဒီအချိန်မှာ မြတ်နိုးက စားနေရာကနေ မတ်တပ်ထရပ်လိုက်ပါတယ်။ ပြီးတော့ လက်ကိုခါးထောက်လိုက်တယ်။

"ဟေ့ . . . ဒီမှာ ဟင်းချိုရည်လာပေးပါဦး"

စားပွဲထိုးက မြတ်နိုးနားရောက်လာပြီး ဟင်းချိုရည်ပန်းကန်ယူသွားပါတယ်။

ဒီမြင်ကွင်းကိုကြည့်ပြီး ဖြူစင်မွှေး တော်တော်စိတ်ပျက်သွားပါတယ်။ ဖြူစင်မွှေးဘဝမှာ လက်ကိုခါးထောက်ပြီး စကားပြောတဲ့သူကို အမုန်းဆုံးပါ။ စကားဆိုတာ ပုံစံအမျိုးမျိုးနဲ့ ပြောလို့ရပါတယ်။ လက်ကို ခါးထောက်ပြီး စကားပြောတာမျိုးက တစ်ဖက်သားကို တင်စီးရာကျသလို မလေးစားစရာမျိုးလည်း ဖြစ်တဲ့ပုံစံမျိုးပါ။

ဒီမြတ်နိုးဆိုတဲ့ လူကတော့ သူမကြိုက်တဲ့အချက်နဲ့ စတွေ့ပြီလို့။ သူနဲ့တွဲပြီး လုပ်ရမယ့်အလုပ်တွေကို ဘယ်လိုဆက်လုပ်ရမလဲလို့ ဆီချက်ခေါက်ဆွဲတောင် ဆက်မစားနိုင်ဘဲ တွေးနေမိပါတယ်။

"ဖြူစင်မွှေး ဘာတွေစဉ်းစားနေတာလဲ၊ ဆီချက်ခေါက်ဆွဲတောင် ဆက်မစားတော့ပါလား"

"ဒီမှာ မြတ်နိုး၊ ရှင် . . . ကျွန်မနဲ့အတူတူ အလုပ်လုပ်တဲ့နေရာမှာ စောစောကလိုမျိုး လက်ကိုခါးထောက်ပြီး စကားမပြောပါနဲ့၊ လူတစ်ဖက်သားကို တင်စီးရာကျတယ်၊ စော်ကားရာကျတယ်၊ အဲဒါမျိုး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



မကြိုက်ဘူး”

ဖြူစင်မွှေးကပြောတော့ မြတ်နိုးက ရယ်မောရင်း ဆီချက်ခေါက်ဆွဲဆက်စားနေပါတယ်။

ဖြူစင်မွှေးကတော့ သူမှမှန်းသော အချက် (၁၀) ချက်ထဲမှာ မြတ်နိုးကတော့ (၁)ချက်ပဲ ပါသွားပြီလို့။

□ □ □



ကိုယ့်အမူအကျင့် ကိုယ်မသိပေမယ့်
ကိုယ့်ပြုမူတဲ့ပုံစံကို
ကြည့်သူတွေက
ကိုယ့်အားနည်းချက်ကို
သိတတ်ကြတာ
ကိုယ်ကသာ မသိတာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"ဒါဆို ဖြူစင်မွှေး . . . နင်နဲ့ အလုပ်တွဲလုပ်ရမယ့်လူကို စကတည်းက စိတ်ပျက်သွားပြီပေါ့ . . . ဟုတ်လား"

နေ့လယ်က ဖြစ်ပျက်ခဲ့တဲ့ကိစ္စကို ညရောက်တော့ ခင်ရတနာကို ပြောတော့ ခင်ရတနာက ဖြူစင်မွှေးကိုကြည့်ပြီး ရယ်ရင်းက ပြောပါတယ်။

"လူပုံကတော့ မဆိုးပါဘူး၊ ဒါပေမယ့် လက်ကိုခါးထောက်ပြီး ပြောတာကတော့ ငါအမုန်းဆုံးပဲ၊ လောကကြီးမှာ လူတွေအားလုံးက သူ့လုပ်စာစားနေရတဲ့ အတိုင်းပဲ"

"ဟဲ့ . . . လူဆိုတာ ကိုယ့်မှာပါတဲ့ အပြုအမူကိုဖျောက်ဖို့ ခက်တယ်နော်၊ လူတစ်ယောက်မှာ အပြုအမူတစ်ခုတော့ ရှိတာပဲ၊ နင့်မှာလည်း နင့်အပြုအမူရှိတာပဲ၊ ဒါပြဿနာမဟုတ်ဘူး"

"ပြဿနာမဟုတ်ပေမယ့် သူနဲ့ရေရှည်တွဲလုပ်ရမယ့် အခါကျတော့ ငါမကြိုက်တဲ့ အချက်တွေက ဘယ်လောက်တောင် ဆက်တွေ့ဦး



www.burmeseclassic.com

www.burmeseclassic.com



မလဲ မသိဘူး"

"အမိကအရေးကြီးတာက နင်နဲ့သူ မင်္ဂလာဆောင်တိုက်က ကဏ္ဍကို အောင်မြင်အောင်လုပ်ဖို့ပဲ မဟုတ်ဘူးလား၊ ငါထင်တယ်နော်၊ နင်နဲ့သူ ကြာလာရင် ဘာညာသာရကာတွေ ဖြစ်သွားနိုင်တယ်"

"ဖြစ်စရာလား ခင်ရတနာရယ်၊ ဒီလိုအလုပ်အတူတွဲလုပ်ပြီး ချစ်သူသမီးရည်းစားဖြစ်ရချည်ရဲ့ဆို ကမ္ဘာပေါ်မှာ အတွဲတွေ နည်းမှာ မဟုတ်ဘူး"

"ဖြူစင်မွေး . . . စကားကို ကုန်အောင်မပြောနဲ့၊ အနာဂတ်ကို ငါစောင့်ကြည့်ဦးမယ်"

"ကြည့်ကြည့် . . . ငါကတော့ အဲဒီမြတ်နိုးဆိုတဲ့လူကို လက်ကို ခါးထောက်ပြီး စကားပြောတာနဲ့တင် ကြည့်မရဖြစ်နေပြီ"

ဖြူစင်မွေးက ခင်ရတနာကို လေသံကျယ်ကျယ်နှင့် ပြောရင်းမှ သူမမျက်လုံးထဲမှာ မြတ်နိုးတစ်ယောက် လက်ကိုခါးထောက်ပြီး ဟင်းရည် မှာနေသော ပုံရိပ်ကိုသာ မြင်နေမိပါတယ်။

□



ဖြူစင်မွေးတစ်ယောက် နည်းနည်းတော့ ဒေါသထွက်သွားတယ်။ သူ့ပုံကလည်း ကြည့်လေ။ ဒေါသဖြစ်စရာ ကောင်းနေတာကြောင့်ပါ။

အဖြစ်က ဒီလိုပါ။ ဒီနေ့ အဆိုတော်နံမည်ကြီးတစ်ယောက်ကို သွားအင်တာဗျူးရတယ်။ အဲဒီအဆိုတော်အမျိုးသမီးကို သူမရဲ့လက်ရှိ ချစ်အကြောင်းနဲ့ သူမနဲ့ ရည်းစားဖြစ်နေတဲ့ စီးပွားရေးလုပ်ငန်းရှင် အကြောင်းကို 'ဒွဲ'မမေးဘဲ စောင်းပါးရိပ်ခြည်မေးပြီး အဲဒီအဆိုတော်ရဲ့ ချစ်ဒဿနဘာညာဆိုပြီး အင်တာဗျူးခေါင်းစဉ်တပ်ရေးရမှာ။

အဲဒီအဆိုတော်အမျိုးသမီးကလည်း သူမအချစ်ရေးနဲ့ ပတ်သက် တဲ့ကိစ္စတွေကို ဝေ့ကာဝိုက်ကာနဲ့ ဖြေပါတယ်။ ဒါကို ဓါတ်ပုံရိုက်နေတဲ့ မြတ်နိုးက မထင်မှတ်ဘဲ အဲဒီအဆိုတော်အမျိုးသမီးကို လွန်ခဲ့တဲ့နှစ်က သူမနဲ့ ခွာပြသွားတဲ့ ရည်းစားဟောင်းအဆိုတော်အကြောင်းကို သူ့အပေါ် ဘယ်လိုခံစားချက်ထားသေးလဲ၊ ငယ်ချစ်ဟောင်းကို ထာဝရမေ့နိုင်သလား မေ့နိုင်ဘူးလား အင်တာထဗျူးတာ ဟိုက ဒေါသတွေထွက်ပြီး အင်တာ



www.burmeseclassic.com

www.burmeseclassic.com



ဗျူးကို ဆက်မလုပ်တော့တဲ့အပြင် ပထမအင်တာဗျူးထားတာတွေကို လုံးဝမဂ္ဂဇင်းထဲ မထည့်ပါနဲ့ဆိုပြီး ပြောပါတယ်။

ဖြူစင်မွှေးလည်း ဘာတတ်နိုင်မှာလဲ။ မဂ္ဂဇင်းထဲ မထည့်ပါနဲ့ လို့ပြောရင်း အောင့်သီးအောင့်သက်နဲ့ ပြန်လာခဲ့ရတယ်။

လမ်းရောက်တော့ ဘယ်ရမလဲ။ ဖြူစင်မွှေး ပေါက်ကွဲတော့တာ ပေါ့။

“မြတ်နိုးရာ . . . ရှင်ဘာဖြစ်လို့ အဲဒီအဆိုတော်အမျိုးသမီး အတိတ်ကို ပြန်တူးဆွရတာလဲ၊ တစ်ခါတည်း မိတ်ပျက်ပြီ”

“အင်တာဗျူးမေးတယ်ဆိုတာ မေးခွန်းမေးတတ်ဖို့ လိုတယ် အဖြေတွေက ရှိပြီးသား၊ စာဖတ်ပရိသတ်က လက်ရှိသူ့ရဲ့အချစ်အကြောင်း ကို သိနေတာပဲ၊ အတိတ်က သူ့ရဲ့အချစ်အကြောင်းကိုကျတော့ သိသူနည်း တယ်၊ ဒါကို သိအောင် လုပ်ပေးရမှာပေါ့ဗျ”

“မဟုတ်ဖူးလေ . . . စာနယ်ဇင်းသမားဆိုတာ ပုဂ္ဂိုလ်ရေးစောင့် စည်းရမယ့် စည်းကိုတော့ ထိန်းရမှာပေါ့”

“ဒီမှာ ဖြူစင်မွှေး၊ အဲဒီစောင့်စည်းရမယ့် စည်းကိုထိန်းလို့ ဒီလောက်ပဲ မေးတာ၊ သူ့ကို ပထမစပွန်ဆာပေးခဲ့တဲ့ လူအကြောင်းတွေ ဘာတွေတောင် မမေးခဲ့ဘူး”

“တော်တော် . . . ရှင်နဲ့ကျွန်မ ဆက်ပြောနေရင် စကားထပ်များ မယ်၊ အခုတော့ ကျွန်မတို့ရဲ့ကဏ္ဍတစ်ခု လက်လွှတ်သွားပြီ”

“ဘာလက်လွှတ်စရာလိုလဲ၊ နောက်လူတွေ အများကြီးရှိတာပဲ”

ဖြူစင်မွှေးက မြတ်နိုးကို ဘာမှပြန်မပြောတော့ပါ။ ပြန်ပြောလို့ က စကားထပ်များမှာစိုးလို့၊ လမ်းမကြီးမှာ လူမြင်လို့ မကောင်းတာလည်း ပါတာပေါ့။





အဲဒီအချိန်မှာ မြတ်နိုးနဲ့ ဖြူစင်မွှေးတို့ ရှေ့တည့်တည့်ကနေ တံမြက်စည်းနဲ့ ကြက်မွှေးတွေကိုထမ်းပြီး အော်ရောင်းနေတဲ့ ဈေးသည် လျှောက်လာနေပါတယ်။

“တံမြက်စည်းလား . . . ကြက်မွှေးလား”

“တံမြက်စည်းလား . . . ကြက်မွှေးလား”

ဈေးရောင်းသူက သူ့ပစ္စည်းကို အော်ရောင်းရင်းက ဖြူစင်မွှေး နဲ့ မြတ်နိုးတို့နား ရောက်လာပါတယ်။ ဒီအခါ မြတ်နိုးက . . .

“ဈေးသည် ခဏနေဦး”

ချက်ချင်းဆိုသလိုပဲ ဈေးသည်ဆီကနေ တံမြက်စည်းတစ်ချောင်း နဲ့ ဖုန်သုတ်တဲ့ ကြက်မွှေးတစ်ချောင်းကို ယူလိုက်ပါတယ်။

“ဟေ့လူ ဈေးရောင်းပြီး မသိဖူးလား၊ မှတ်ထား . . . ဒါတံမြက် စည်း၊ ဒါကြက်မွှေး၊ ရော့ . . . သေသေချာချာကြည့်”

မြတ်နိုးစကားကြောင့် ဈေးသည်က အူကြောင်ကြောင် ဖြစ်သွား ပါတယ်။ မြတ်နိုးက ဈေးသည်လက်ထဲ တံမြက်စည်းနဲ့ ကြက်မွှေးကို ပြန်ပေးလိုက်ပါတယ်။

“ခင်ဗျား . . . ကျုပ်ကို လာနောက်နေတာလား၊ ဈေးရောင်း ကောင်းလို့ ညစ်နေတာနော်”

ဈေးသည်က မြတ်နိုးလုပ်ပုံကိုကြည့်ပြီး တော်တော်ဒေါသထွက် သွားတယ် ထင်ပါရဲ့။ လေသံက တော်တော်မာပါတယ်။

“ကျွန်တော် နောက်တာမဟုတ်ဘူးလေ၊ ခင်ဗျားရဲ့ပါးစပ်က တံမြက်စည်းလား၊ ကြက်မွှေးလား အော်နေတော့ တံမြက်စည်းနဲ့ကြက်မွှေး မခွဲတတ်ဖူးထင်လို့ ခွဲပေးတာလေ”

ဖြူစင်မွှေး တော်တော်စိတ်ညစ်သွားပါတယ်။ မြတ်နိုးလုပ်ပုံက

www.burmeseclassic.com



တစ်ဖက်သားမခံချင်စရာ ဖြစ်နေလို့ပါ။ ပြဿနာက ဒီထက်ပိုရှည်လာရင် ခက်ပြီလို့။

“ကဲပါ . . . သူ့အစား ကျွန်မကပဲ တောင်းပန်ပါတယ်”

“မြတ်နိုးသွားမယ် . . . လာ”

ဖြူစင်မွှေးက ဈေးသည်ကို တောင်းပန်ရင်း မြတ်နိုးကို အတင်းဆွဲခေါ်လာပါတယ်။ ဈေးသည်ကတော့ မကျေမနပ်နဲ့ကြည့်ရင်း ကျန်ခဲ့ပါတယ်။

“မြတ်နိုး . . . ရှင့်လုပ်ပုံတွေက မဟုတ်ဖူးနော်”

“ဘာမဟုတ်ရမှာလဲ၊ သူက တံမြက်စည်းလား၊ ကြက်မွေးလားအော်နေလို့ မနေနိုင်တော့ ပြောလိုက်ရတာ”

“ရှင့်ဖာသာ နေနိုင်မနေနိုင်၊ နောက်တစ်ခါ ရှင် ကျွန်မနဲ့အတူတူသွားရင် ဒီအပြုအမူမျိုး ဘယ်တော့မှ မလုပ်ပါနဲ့”

ဖြူစင်မွှေးရဲ့လေသံခပ်မာမာနဲ့ စကားအဆုံး မြတ်နိုးက ဘာမှပြန်မပြောဘဲ ပြုံးနေပါတယ်။

ဖြူစင်မွှေးကတော့ မြတ်နိုးကို သူမမုန်းတဲ့ အချက်တစ်ချက်ထပ်တိုးလာသဖြင့် စုစုပေါင်းအချက်နှစ်ချက် ရှိသွားပြီဖြစ်သဖြင့် ရှေ့ဆက်ပြီး သူနဲ့အလုပ်အတူတူ တွဲလုပ်လို့မှ ဖြစ်ပါ့မလားလို့ စိတ်ညစ်ညစ်နဲ့ တွေးနေမိပါတော့တယ်။

❑ ❑ ❑



တစ်ခါတလေ

ကိုယ့်ရဲ့အနီးဆုံးလူက

ကိုယ့်ကိုပြန်ပြီး ဓာလီတာလောက်

စံပြင်းလို့မဆုံး။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဒီနေ့တော့ ဖြူစင်မွှေး ဘာအင်တာဗျူးမှ မလုပ်တော့ဘူးလို့၊ ရေးစရာရှိတာတွေကို မဂ္ဂဇင်းတိုက်မှာ ရေးနေမိပါတယ်။ စိတ်ထဲလည်း လှုက ပေါ့ပါးနေပါတယ်။ ဘာဖြစ်လို့လည်းဆို ညက လုံးချင်းဝတ္ထုတစ်အုပ်ကလည်း ရေးတာပြီးသွားတော့ ကျန်တဲ့ရေးစရာရှိတာတွေကို ရေးလို့ရလို့ပါ။

"အစ်မ . . . ကြယ်စင်စတားဗွီဒီယိုကုမ္ပဏီက ဖုန်းဆက်တယ်၊ အစ်မဝတ္ထုကို ဗွီဒီယိုရိုက်ချင်လို့ ဝယ်မလို့တဲ့"

"ဟုတ်လား . . . ဝမ်းသာလိုက်တာ"

ဖြူစင်မွှေး တော်တော်ဝမ်းသာသွားပါတယ်။ သူမရဲ့လုံးချင်းဝတ္ထုတွေကို ဗွီဒီယိုကုမ္ပဏီတွေက ဇာတ်ကားရိုက်ဖို့ မဝယ်ဖြစ်တာ အတော်ကြာလို့ပါ။

"ဘာပြောသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အစ်မကို ဖုန်းပြန်ဆက်ပါတဲ့"

"ဒါဆို အဲဒီကုမ္ပဏီဖုန်းနံပါတ်ကို တယ်လီဖုန်းထဲမှာ ပြန်ရှာကြည့်ပါဦး"

မဂ္ဂဇင်းတိုက်မှ စာရေးမလေးက ဖုန်းနံပါတ်ကိုယူလာပြီး ပေးပါတယ်။ ဖြူစင်မွှေးလည်း ချက်ချင်းဆိုသလိုပဲ ဗွီဒီယိုကုမ္ပဏီဆီ ဖုန်းဆက်ပါတယ်။

"ကြယ်စင်စတားဗွီဒီယိုကုမ္ပဏီကလား"

"မဟုတ်ပါဘူးရှင်"

တယ်လီဖုန်းထဲက တစ်ဖက်ကနေ ပြန်ဖြေစကားသံကြောင့် ဖြူစင်မွှေး စိတ်ညစ်သွားပါတယ်။ နောက်ဆုံးမထူးပါဖူးဆိုပြီး သူမနဲ့သိတဲ့ ဇာတ်ညွှန်းရေးဆရာဆီ ကြယ်စင်စတားဗွီဒီယိုကုမ္ပဏီဖုန်းနံပါတ်ကို မေးရပါတယ်။

"ကြယ်စင်စတားကုမ္ပဏီကပါလား၊ ကျွန်မဖြူစင်မွှေးပါ။ စောစောက ဖုန်းဆက်လို့၊ ကျွန်မဝတ္ထုကို ဗွီဒီယိုရိုက်ဖို့ ဆက်သွယ်ပါဆိုလို့ပါ"

"မဟုတ်ပါဘူး၊ ကျွန်တော်တို့ကုမ္ပဏီက ဇာတ်ကားရိုက်ကူးရေးကို နားထားတယ်၊ ဇာတ်ကားတွေ ဆယ်ကားလောက် ဆက်တိုက်ရိုက်ထားတာဆိုတော့ တစ်လလောက် နားဦးမယ်၊ အစ်မရဲ့ဝတ္ထုက ဘာနံမည်လဲ၊ ကျွန်တော်တို့ကို ပြောပါ။ ကျွန်တော်တို့ ဖတ်ကြည့်လို့ကြိုက်ရင် ဇာတ်ကားရိုက်ကူးဖို့ အကြောင်းပြန်ပါ့မယ်"

"နေပါစေ . . . ကျွန်မ မပြောတော့ပါဘူး၊ ရှင်တို့ဖာသာရှင်တို့ ရှာဖတ်ပါ"

ဖြူစင်မွှေး စိတ်ညစ်ညစ်နဲ့ တယ်လီဖုန်းကို ပြန်ချလိုက်ပြီး ရှေ့လက်စစာရေးစားပွဲဆီ ပြန်လာခဲ့ပါတယ်။





"ကိုမြတ်နိုး . . . ဖုန်းဆက်တာ ပြီးသွားပြီလား"

သတင်းထောက်ကောင်မလေးတစ်ဦးက မဂ္ဂဇင်းတိုက်ရုံးခန်းထဲကို လက်ထဲဟမ်းဖုန်းကိုင်လာပြီး ဝင်လာတဲ့ မြတ်နိုးကိုကြည့်ရင်းက မေးလိုက်ပါတယ်။

"ပြီးသွားပြီ . . . ရော့"

မြတ်နိုးက ရယ်မောရင်းကနေ အဲဒီသတင်းထောက်ကောင်မလေးလက်ထဲကို ဟမ်းဖုန်းပေးလိုက်ပါတယ်။ ပြီးတော့ ဖြူစင်မွှေးကိုကြည့်ပြီး ရယ်မောရင်းက . . .

"ဘယ်လိုလဲ . . . ဗွီဒီယိုကုမ္ပဏီက ဝတ္ထုစာအုပ်မဝယ်ဖူးလား"

"တော်စမ်းပါ . . . ဘယ်သူက ဘယ်လိုဆက်လို့ ဘာဖြစ်မှန်းမသိဘူး"

"ဘယ်ဖြစ်မလဲဗျ၊ တမင်တကာ ခင်ဗျားကို စချင်လို့ သတင်းထောက်ကောင်မလေးဆီက ဖုန်းကိုတောင်းပြီး ခင်ဗျားကို လှမ်းနောက်လိုက်တာ"

"ဘာ . . . ရှင်က နောက်လိုက်တာ . . . ဟုတ်လား"

"ဟုတ်တယ် . . . တမင်တကာ ခင်ဗျားကို ကြပ်ကြည့်တာ . . . ဟဲ . . . ဟဲ . . ."

ဖြူစင်မွှေး တော်တော်ဒေါသထွက်သွားပါတယ်။ လူတစ်ယောက်ကို ဒီလိုမျိုး စသင့်ပါသလား။ ဖြူစင်မွှေးခမျာ ပထမတော့ ဝမ်းသာရမလိုလိုနဲ့ အောင့်သက်သက်ကြီး ခံလိုက်ရလို့ပါ။

"မြတ်နိုး . . . ရှင် ဒါမျိုး ကျွန်မကိုကြပ်တာ ကျွန်မစိတ်ဆိုးတယ်ရှင် ဒါမျိုးမလုပ်သင့်ဖူး၊ လူတစ်ယောက်ကို ဒါမျိုးမနောက်ပြောင်သင့်ဘူးရှင့်လုပ်ရပ်အပြုအမူဟာ မှန်သလား၊ မှားသလား ကိုယ့်ဖာသာကိုယ်



www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားကြည့်"

"Sorry ပါဗျာ၊ ကျွန်တော်က ပျော်အောင်လို့ နောက်လိုက်တာ၊ နောက်ဒါမျိုး မဖြစ်စေရပါဘူး"

မြတ်နိုးက တောင်းပန်စကားဆိုပေမယ့် ဖြူစင်မွှေးကတော့ ဘယ်လိုမှ မကျေနပ်နိုင်ပါ။ သူမမုန်းတီးသော အချက်တွေထဲမှာ မြတ်နိုး ယခုလိုပြုမူသော အပြုအမူက သုံးချက်မြောက်ဖြစ်သွားပြီလို့။

ဖြူစင်မွှေးအဖို့ တွေးလေတွေးလေ ဒေါသဖြစ်လာလေလေပါပဲ။

❑

"လုပ်ဖော်ကိုင်ဖက်ချင်း ဒါမျိုးနောက်သင့်သလား ခင်ရတနာ၊ နင်စဉ်းစားကြည့်စမ်း၊ ငါသူနဲ့တွဲပြီး အလုပ်လုပ်ရမှာကို စိတ်ပျက်လာပြီ"

နေ့လယ်ခင်းက ဖြစ်တဲ့ကိစ္စကို ညရောက်တော့ ဖြူစင်မွှေးက ခင်ရတနာကို ပြောပြတော့ ခင်ရတနာက ရယ်လို့နေပါတယ်။

"ဖြူစင်မွှေး . . . မတည့်အတူနေရင် စီးပွားဖြစ်တယ်နော်၊ နင်နဲ့ မြတ်နိုးနဲ့မတည့်တာ၊ နင်နဲ့သူတွဲလုပ်တဲ့ မဂ္ဂဇင်းထဲက ကဏ္ဍတွေက အောင်မြင်မှာ သေချာတယ်"

"တော်ပါဟာ၊ ငါက သူ့ကို တော်တော်စိတ်ပျက်နေပြီ၊ ငါမကြိုက်တဲ့ အပြုအမူမျိုးတွေ သူ့မှာ တွေ့နေရတော့ မလွယ်ဖူးဟာ၊ မနက်ဖြန်လည်း သူနဲ့ အင်တာဗျူးရဦးမယ်၊ သူနဲ့တွဲပြီး အင်တာဗျူးရတာ ငါတော်တော်စိတ်ညစ်တာ၊ သူက မေးရိုးမေးစဉ် တစ်ဖက်သားဖြေလို့ကောင်းမယ့် မေးခွန်းမျိုးကို မေးတာမဟုတ်ဘဲ ရောက်ရောက်ချင်း တစ်ဖက်သား မခံချင်အောင် မေးခွန်းမျိုးကို စမေးတာ၊ ဒါမျိုးက တဖြေးဖြေး လိုရာကို





ဖြေချင်လာအောင် တစ်ဆင့်ချင်းသွားရမှာ၊ ဒီတစ်ခါတော့ သူ့ကို ငါမေး နေတဲ့အချိန် ဘာမှဝင်မမေးနဲ့လို့ အမိန့်ထုတ်ရမယ်"

"ဟုတ်ပါပြီ ဖြူစင်မွှေးရယ်၊ ဒီတစ်ခါလည်း နင်မကြိုက်တဲ့အချက် ဘာတွေကြုံလို့ ဘာတွေပြောသံကြားရဦးမလဲ၊ ငါတော့ စောင့်နားထောင် ဦးမယ်"

ခင်ရတနာက ဖြူစင်မွှေးကိုကြည့်ပြီး ရယ်ရင်းက ပြောလိုက်တဲ့ အခါ ဖြူစင်မွှေးက ဘာမှပြန်မပြောဘဲ နက်ဖြန်အင်တာဗျူးမှာ ပရိသတ်စိတ် ဝင်စားမယ့်မေးခွန်း ဘာတွေမေးရရင် ကောင်းမလဲ စဉ်းစားနေမိပါတယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

လူတစ်ဝတ်သားကို
သနားကြင်နာတတ်လို့
ကူညီရင်လည်း
လူအချို့က မုန်းကြတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

ဖြူစင်မွှေး ဒီနေ့တော့ အတော့်ကို ကျေနပ်နေပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ နံမည်ကြီးသရုပ်ဆောင်မင်းသားကို ဇာတ်ကားရိုက်ကူးနေနားချိန်မှာ မေးတာကို မြတ်နိုးက ဘေးနားကနေ ဘာမှဝင်မမေးလို့ပါ။ မင်းသားကလည်း စိတ်ပါလက်ပါ ဖြေပါတယ်။

"အချစ်ကို ဘယ်လိုခံစားသလဲ"

"အချစ်ကို အချစ်လို့ပဲ မြင်ပါတယ်"

"အခုလက်ရှိမှာကော ချစ်သူရှိပြီလား"

"ဖေဖေနဲ့မေမေနဲ့ ပရိသတ်တွေကလွဲပြီး ကျွန်တော်ဘာအချစ်မှ မရှာပါဘူး"

"တကယ်လို့ မထင်မှတ်ဘဲ အချစ်ကိုတွေ့ခဲ့ရင်ကော"

"ကိုယ်လုပ်တဲ့ အနုပညာကလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူးလို့ ပြောရမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်မွေးနဲ့ နံမည်ကြီးမင်းသား အင်တာဗျူးနေတာကိုကြည့်ရင်း မြတ်နိုးရယ်ချင်မိပါတယ်။ ဖြူစင်မွေးကလည်း အဲဒီမင်းသားကို ဖြေ ကောင်းမည့် မေးခွန်းတွေမေး၊ မင်းသားကလည်း ပရိသတ်ကြိုက်မယ့် အဖြေတွေကို ဖြေနေလို့ပါ။

ဒီမင်းသားအကြောင်း ဖြူစင်မွေးမသိဖူးလားမသိ။ ဟိုမော်ဒယ် နဲ့၊ ဒီမော်ဒယ်နဲ့၊ ဟိုစီးပွားရေးလုပ်ငန်းရှင်သမီးနဲ့၊ ဟိုဆရာဝန်မနဲ့၊ ဟို မင်းသမီးနဲ့ ထည်လဲတွဲတဲ့သတင်းတွေ ကောလဟာလလိုလို ဘာလို ထွက်တော့ ချောင်ပိတ်မေးရမှာကို မင်းသားနဲ့ အမုန်းမပွားအောင် သူ ကြိုက်တဲ့မေးခွန်းမျိုး လျှောက်မေးနေလို့ပါ။

"ဘဝမှာ ချစ်ကိုယ်တွေ့တွေကော ဘယ်လောက်ထိတွေ့ခဲ့ပြီ ခံစားခဲ့ရသလဲ"

"တစ်ခါမှ မခံစားဖူးပါဘူး၊ လူက အနုပညာထဲမှာပဲ နှစ်မြှု ထားတော့ ချစ်ကိုယ်တွေ့ဆိုတာ မရှိခဲ့ဖူးဗျာ"

ဖြူစင်မွေး မေးခွန်းမေးနေတာနဲ့ ဖြေနေတာကိုကြည့်ပြီး မြတ်နိုး ရင်ထဲ ယားကျိကျိဖြစ်လာပါတယ်။ ဒီအချိန်မှာ ဝင်မေးလိုက်ရင် ပွဲပျက် မှာစိုးလို့ မမေးတော့ပါဘူးလို့။ ဝင်မေးလိုက်ရင် ဖြူစင်မွေးက သူ့အလုပ် ကို ဝင်ရှုပ်တာလားဆိုပြီး ဒေါသအမုန်းပွားရင် သက်သက်အမုန်းပွား မှာမို့ စိတ်မပါဘဲ အင်တာဗျူးပြီးတဲ့အချိန်ထိ သည်းခံစောင့်နေရပါတော့ တယ်။



"ဖြူစင်မွေးရာ . . . ဘာဖြစ်လို့ အင်တာဗျူးမှာ ခင်ဗျားမေးတဲ့ င်းသားကြိုက်တဲ့ မေးခွန်းတွေ လျှောက်မေးရတာလဲ၊ ကျွန်တော့်မှာ ခိတ်ပုံသာ ရိုက်နေရတာ သူ့အကြောင်းတွေ မေးချင်လိုက်တာဆိုတာ နည်းကို စိတ်ထိန်းထားရတာ"

အင်တာဗျူးပြီးလို့ ပြန်လာပြီး လက်ဖက်ရည်ဆိုင်ထိုင်တဲ့အချိန် ာ မြတ်နိုးက သူ့စိတ်ထဲရှိတာ ပြောလိုက်ပါတယ်။

"ရှင်တို့ယောကျ်ားတွေသိတာက ကိုယ်ဖြစ်ချင်တာကို ရှေ့မကြည့် နောက်မကြည့် ပြောဖို့ပဲသိတယ်၊ အဲဒီအင်တာဗျူးတဲ့ မင်းသားအကြောင်း ျွန်မကောင်းကောင်းသိတာပေါ့၊ ဒါပေမယ့် ပထမဦးဆုံး တစ်ခါတည်း သူ့အကြောင်းတွေ ခရေစေ့တွင်းကျမေးလိုက်ရင် မိတ်ပျက်သွားမှာပေါ့ သူ့ကို ချူဆီထည့်ပြီး တဖြေးဖြေး တစ်ဆင့်ပြီးတစ်ဆင့် လေးငါးခါလော ရင် သူလည်း ဖြေချင်လာမယ်၊ သူ့သတင်းတွေကို ကိုယ့်မဂ္ဂဇင်းမှာပေါ်ပြ ဖို့ အရှင်ထားရတာပေါ့၊ နောက်ဆက်တွဲတွေ လာမယ်လေ"

www.burmeseclassic.com



"ဟာဗျာ . . . အဲဒီလောက်ထိတော့ စိတ်မရှည်နိုင်ပါဘူး"

မြတ်နိုးက စိတ်မရှည်တဲ့ လေသံမျိုးနဲ့ ပြောရင်းက ပေါက်

တစ်လုံးကို စားလိုက်ပါတယ်။ ဖြူစင်မွှေးကလည်း ဗိုက်ဆာနေလို့လား

မသိ၊ ဆိတ်သားမုန့်တစ်ခုကို စားလိုက်ပြီး လက်ဖက်ရည်ကို သောက်နေ

မိပါတယ်။

"မြတ်နိုး . . . သူငယ်ချင်း . . . တွေ့ရတာ ဝမ်းသာလိုက်တာ

ကွာ"

မြတ်နိုးနံမည်အော်ခေါ်ရင်း မြတ်နိုးနဲ့ ဖြူစင်မွှေးတို့ရှိတဲ့ လက်

ဖက်ရည်ဝိုင်းကို မြတ်နိုးနဲ့ အသက်မတိမ်းမယိမ်းရှိမယ့် လူတစ်ယောက်

နံမည်ခေါ်ရင်းက ရောက်လာပါတယ်။ မျက်နှာကလည်း အဆီတွေပြ

အဝတ်အစားကလည်း ပေတူးညစ်ပတ်နေပြီး လူက အရက်သောက်ထား

ပုံလည်း ရပါတယ်။

"တိမ်မင်းခေါင် . . . မင်းသတင်းတွေကတော့ မွှေးနေတာပဲ

မင်းအရက်မူးပြီး လမ်းဘေးမှာ အိပ်နေတာ၊ မဂ္ဂဇင်းတိုက်ကနေ ထွက်

သွားတာ၊ ဒဂုံတောင်က ကဗျာဆရာတစ်ယောက်ရဲ့ဆိုင်မှာ ဝင်လုပ်တော့

လည်း မင်းအရက်မူးလွန်လို့ ဟိုက စိတ်ညစ်နေတာ မင်းသတင်းတွေ

မွှေးနေတာပဲ"

"ဟုတ်တယ် မြတ်နိုး၊ ကိုယ်က ကဗျာကို ချစ်တယ်၊ အမှန်တရား

တို ချစ်တယ်၊ ကိုယ့်အမှန်တရားကို ဓော်ကားယောတော့ စကားနဲ့ပြော

အမုန်းပွားမယ်၊ ဒီတော့ အရက်ပဲ ဖိသောက်ပြီး ပေါက်ကွဲရတာ၊ ဒါကို

လူတွေက မကောင်းပြောကြတယ်"

ဇိုးကနဲ ဆတ်ခနဲဆိုသလို တိမ်မင်းခေါင်ဆိုသူက ပေါက်စီတစ်

လုံးကို ယူစားလိုက်တယ်။ ဖြူစင်မွှေးကတော့ ဘာမှမပြောဘဲ အကဲခတ်





နေပါတယ်။

"အခုကော ဘယ်မှာနေလဲ"

"ကိုယ် ဘုန်းကြီးကျောင်းမှာနေတယ်၊ ကဗျာတွေ ရေးပေါ့ကွာ၊

ဒါနဲ့ အကူအညီတစ်ခုတော့ ပေးကွာ၊ ကိုယ့်မှာ ဝတ်စရာက ဒီဝတ်ထား

တဲ့ အင်္ကျီနဲ့ စွပ်ကျယ်တစ်ထည်ပဲ ရှိတယ်၊ ဒီတော့ ကိုယ့်ကို အင်္ကျီတစ်

ထည်လောက် ပေးကွာ၊ မင်းဝတ်ထားတဲ့ အင်္ကျီမျိုးဆို မဆိုးဘူး"

ဒီပွဲကို မြန်မြန်ဖြတ်မှ ရမည်လို့၊ ဖြူစင်မွှေးတစ်ယောက် ကဗျာ

ဆရာတိမ်မင်းခေါင်ကိုကြည့်ပြီး မျက်နှာက တော်တော်ပျက်နေပြီ။ တော်

ကြာ တိမ်မင်းခေါင့်ကြောင့် အခြားသော ကဗျာဆရာတွေ သိမ်းကျုံး

အထင်သေးခံရမှာကိုလည်း စိုးရိမ်နေမိပါတယ်။

"တိမ်မင်းခေါင် . . . အခုဝတ်ထားတဲ့ အင်္ကျီကြိုက်လို့လား၊ ရော့

ရော့ . . . ဒါပြီးရင်တော့ ငါတို့လည်း တစ်ခြားကို သွားစရာရှိသေးတယ်"

မြတ်နိုးက ပြောပြောဆိုဆို သူဝတ်ထားသော အင်္ကျီကိုချွတ်ပြီး

တိမ်မင်းခေါင်ကို ပေးလိုက်ပါတယ်။

"ကျေးဇူးပဲ မြတ်နိုး၊ ဒါနဲ့ လမ်းစရိတ်လေးတစ်ထောင်လောက်

ပါ ပေးပါဦး"

မြတ်နိုးလည်း မထူးပါဖူးဆိုပြီး ပိုက်ဆံတစ်ထောင်တန်တစ်ရွက်

ကို ပိုက်ဆံအိတ်ထဲကနေ ထုတ်ပေးလိုက်ပါတယ်။

"ကျေးဇူးပဲ သူငယ်ချင်း"

တိမ်မင်းခေါင်ဆိုသော သူက လက်ဖက်ရည်ဆိုင်ထဲကနေ ဝမ်း

သာအားရနဲ့ ထွက်သွားပါတယ်။ အင်္ကျီချွတ်ပေးပြီး အောက်ခံစွပ်ကျယ်

အင်္ကျီပြတ်နဲ့ မြတ်နိုးကိုကြည့်ပြီး ဖြူစင်မွှေးစိတ်လည်းပျက်၊ ဒေါသတွေ

လည်း ထွက်နေမိပါတယ်။

www.burmeseclassic.com



"ရှင် . . . ဒီပုံစံနဲ့တော့ ကျွန်မနဲ့အတူတူ မလိုက်နဲ့တော့၊ ကျွန်မ သိက္ခာကျတယ်၊ ဘယ့်နှယ် . . . ဟိုက မှုံးမှုံးနဲ့ပြောတိုင်း ရှင်က ကိုယ် ဝတ်ထားတဲ့ အင်္ကျီချွတ်ပေးရမှာလား"

"ဖြူစင်မွှေး မသိပါဘူး၊ ကိုယ်တို့လောကမှာ ဘဝတူ စာရေးသူ အချင်းချင်း ဒီလိုအပြန်အလှန်တွေ ရှိတယ်၊ မရှိသူကို ရှိသူက ကူညီကြ တာပဲ၊- ဒီလောကထဲ ဖြူစင်မွှေးထဲထဲဝင်ဝင် မဝင်သေးဖူးလို့ပါ"

"ဘာမှထဲထဲဝင်ဝင် ဝင်စရာမလိုပါဘူး၊ အဲဒီလူက ရှင်ပေးတဲ့ အင်္ကျီဝတ်မယ်ထင်လား၊ ရောင်းစားပြီး အရက်သောက်ပစ်ဦးမှာ၊ ရှင် အဲဒီလောက်တောင် မတွေးတတ်ဖူးလား၊ ဘာမှမပြောနဲ့တော့ ရှင့်ဖာသာ ရှင် သဘောကောင်းတာ ဒီအတိုင်းနေခဲ့တော့၊ ကျွန်မကို ဘာမှမပြောနဲ့"

ဖြူစင်မွှေးက လေသံခပ်မာမာနဲ့ ပြောဆိုရင်းက လက်ဖက်ရည် ဆိုင်ထဲကနေ ထွက်သွားပါတယ်။ မြတ်နိုးလည်း တိမ်မင်းခေါင်နဲ့မှ တွေ့ တွေ့တတ်ပြီး တော်တော်မွှေသွားတာပဲလို့ တွေးရင်းက လက်ဖက်ရည် ဖိုးရှင်းဖို့ စားပွဲထိုးကို ခေါ်လိုက်ပါတယ်။

ဖြူစင်မွှေးကတော့ သူမနဲ့တွဲပြီး အလုပ်လုပ်တဲ့သူက ဘယ်လို ဖြစ်လို့ သူမ,မကြိုက်တဲ့ အချက်တွေနဲ့ချည်း လာပတ်သက်နေရတာလဲလို့ အခုဆို သူမ,မကြိုက်တဲ့ အချက်က လေးချက်တောင် ရှိနေပါပြီ။

ဒီအကြောင်းနဲ့ပတ်သက်ပြီး သူငယ်ချင်းခင်ရတနာကို ပြောရ ပြောရမယ်လို့။

❑ ❑ ❑



လူဆိုတာ

တစ်ခါတလေ

ဒေါသနဆန်ဆန်ပြောရတာပဲလေ။

အဲဒါကို အပြစ်လို့ ထင်မိရင်တော့

ဘာတတ်နိုင်မှာလဲဗျာ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ကုမ္ပဏီဧည့်ခန်းထဲက လေအေးစက်က မီးအားကောင်းလို့လား မသိ။ တော်တော့်ကို အေးပါတယ်။ ဒီနေ့ စီးပွားရေးလုပ်ငန်းရှင်ကို အင်တာဗျူးဖို့ မြတ်နိုးနဲ့ ဖြူစင်မွေးရောက်လာတာပါ။ အဲဒီစီးပွားရေးလုပ်ငန်းရှင်က စီးပွားရေးနယ်ပယ်မှာ နံမည်ကြီးသူတစ်ဦးပါ။ သူ့ကို သူငယ်စဉ်က အချစ်ကို ဘယ်လိုတွေ့ကြုံခံစားခဲ့ပြီး ဒီဘဝရောက်လာသလဲဆိုတာ အင်တာဗျူးရမှာပါ။

"အခုလို အန်ကယ့်ဆီရောက်လာပြီး မဂ္ဂဇင်းထဲ ဖော်ပြဖို့ဆိုတော့ အန်ကယ်အရမ်းဝမ်းသာပါတယ်၊ အန်ကယ် ဒီလိုဘဝရောက်လာခဲ့ရတာ စာပေဖတ်လို့ရတဲ့ အတွေးအခေါ်တွေ ကြောင့်ပါ၊ အန်ကယ် အခုလုပ်နေတဲ့ လုပ်ငန်းတွေက ကြီးကျယ်ပါတယ်၊ ပြောရရင်တော့ အဝေးမှာမြင်နေရတဲ့ မှေးမှေးမှိန်မှိန်ဖြစ်နေတဲ့ အရာတွေကို ကြည့်ဖို့မဟုတ်ဘူး၊ လက်ရှိလုပ်နေတဲ့ အလုပ်တွေကို ပွားအောင်လုပ်နေတာ၊ လုပ်ငန်းတွေ



www.burmeseclassic.com

www.burmeseclassic.com



က များတယ်လေ"

ဖြူစင်မွေး မေးခွန်းမမေးခင် နံမည်ကြီးစီးပွားရေးလုပ်ငန်းရှင်က သူ့ထင်မြင်ချက်တွေကိုပြောလို့ အချစ်အကြောင်းမေးခွန်းတွေ ဘယ်ကနေဘယ်လို စဖျူးရမလေမလဲလို့ အကျပ်ရိုက်သွားပါတယ်။

"ဒါပေါ့ အန်ကယ်ရယ်၊ လက်ရှိလုပ်နေကိုင်နေရတာက တန်ဖိုးရှိတာပေါ့၊ ကိုယ်လုပ်နေတဲ့ အလုပ်ထက် ဘာမှန်းမသိတဲ့ အလုပ်သစ်ကိုလုပ်ရရင် ကိုယ့်အလုပ်လက်လွတ်သွားမှာပေါ့၊ သဘောကတော့ အန်ကယ်ရယ် . . . အရိပ်ကို ဖမ်းဆွဲနေရင် လက်ရှိအကောင်အထည်ဖေါ်နေတဲ့ အလုပ်တွေ ဆုံးရှုံးသွားမှာပေါ့"

"မှန်တာပေါ့ကွာ၊ ငါ့တူပြောတာ သိပ်မှန်တယ်"

ဖြူစင်မွေး တော်တော်စိတ်ညစ်သွားပါတယ်။ ဘယ့်နှယ့်စီးပွားရေးလုပ်ငန်းရှင်ကို အင်တာလာဗျူးတာ တစ်ယောက်နဲ့တစ်ယောက်အမြင်ချင်းဖလှယ်နေလို့ပါ။ တစ်ဖက်က စီးပွားရေးလုပ်ငန်းရှင်ကလည်း မြတ်နိုးပြန်ပြောတာကို အတော်သဘောကျနေပုံရပါတယ်။

"ဩော် . . . အန်ကယ်၊ အလုပ်တွေ သိပ်လုပ်တဲ့သူဟာ အနားယူမှုတော့ လိုတယ်နော်၊ နားနေရင်းနဲ့ ကိုယ်ဘာလုပ်မလဲလို့ စဉ်းစားတာကိုက အတတ်ပညာတစ်ခုပဲ"

"မှန်တာပေါ့ ငါ့တူရယ်၊ နားနေမှုမှာ အချိန်က အရေးကြီးဆုံးပဲ၊ တို့လို မြို့မှာနေသူတွေက အချိန်ကာလကို ရန်သူလို့ သတ်မှတ်ကြတယ်၊ ကားမှတ်တိုင်မှာ ကားစောင့်ရ၊ ချက်တာပြုတ်တာမပြီးလို့ စောင့်ရ၊ မီးမလာလို့ စောင့်ရ၊ ရေမလာလို့ စောင့်ရနဲ့၊ အိုကွာ . . . အချိန်ကာလနဲ့ အမြဲတမ်း စစ်ထိုးနေရတာ၊ သွားရေးလာရေး လုပ်ရေးကိုင်ရေးမှာ အချိန်ကို အမီလိုက်နေရတယ်၊ တောမှာနေတဲ့ လူတွေကတော့ ဒီနေရာမှာ





သာတယ်ဟေ့၊ အပူအပင် အကြောင့်အကျမရှိတော့ အဲဒီအချိန်ဆိုတဲ့ ဟာကြီးက သူတို့အတွက် မိတ်ဟောင်းဆွေဟောင်း ဖြစ်နေတော့တာပဲ"

ဖြူစင်မွေး နည်းနည်းတင်မက မြတ်နိုးကို ပိုပြီးဒေါသထွက်လာပါတယ်။ ကိုယ်လာတဲ့အလုပ်ကိစ္စကို ရှေ့တန်းမတင်လို့ပါ။

"ဩော် . . . အန်ကယ်၊ ကျွန်မ ကြိုတင်ခွင့်ပြုချက်ယူထားတဲ့ အတိုင်း အန်ကယ်ငယ်စဉ်က အချစ်ကို ဘယ်လိုစတင်တွေ့ခဲ့ရင်း ဘဝကို ဒီလိုဘဝရောက်လာသလဲဆိုတဲ့ အင်တာဗျူးမေးခွန်းတွေ စလိုက်ရအောင်၊ ကျွန်မတို့ တစ်ခြားကိုလည်းသွားပြီး အင်တာဗျူးရမှာမို့ပါ"

နောက်ဆုံးတော့ ဖြူစင်မွေးက မနေနိုင်တော့လို့ စီးပွားရေးလုပ်ငန်းရှင်ကို ပြောလိုက်ပါတယ်။

"ငါ့တူမရယ် . . . အချစ်အကြောင်းဆိုတာ ခက်ခဲတာမှမဟုတ်တော့ ယောက်ျားနဲ့မိန်းမရှိရင် အချစ်ဆိုတာ ရှိမှာပဲ၊ ကမ္ဘာကြီးမှာ ဒီနေ့ထိ အချစ်ဆိုတာ နှစ်ယောက်ကစားပြီး နှစ်ယောက်စလုံးအနိုင်ရတဲ့ ကစားနည်းပဲဟာ"

"ဟုတ်တယ် အန်ကယ် . . . လင်နဲ့မယား၊ ချစ်သူတစ်ဦးနဲ့တစ်ဦး ဘယ်သူမှမနိုင်ဘူး၊ အားလုံးမာယာတွေနဲ့ လှည့်ပတ်ဖြားယောင်းနေတာပဲ၊ ဘဝမှာ အချစ်ထက်အရေးကြီးတာတွေ အများကြီးရှိတယ်"

"မှန်တယ် ငါ့တူ၊ ဒီတော့ ငါ့တူမရေ . . . ငါ့တူမ အင်တာဗျူးချင်တဲ့အကြောင်းကို နောက်မှမေးတော့၊ အခုတော့ ဒီက ငါ့တူနဲ့ ဒဿနဆန်တာလေးတွေ ဆက်ပြီး စကားပြောလိုက်ဦးမယ်"

ဖြူစင်မွေး မကျေနပ်တဲ့အကြည့်နဲ့ မြတ်နိုးကို ကြည့်လိုက်ပါတယ်။ မြတ်နိုးကတော့ ဘာကိုမှ ဂရုမစိုက်ဘဲ စီးပွားရေးလုပ်ငန်းရှင်နဲ့ စကားပြောကောင်းတုန်း။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့လုပ်မယ့် အင်တာဗျူးကိစ္စက ပျက်ရုံသာမက စကားကြောရှည်တဲ့ မြတ်နိုးကို မုန်းမိလို့ သူ့ကို ငါးကြိမ်မြောက်မုန်းမိပြန်ပြီလို့။

❑



"ခင်ရတနာရယ် . . . ငါလေ တော်တော်စိတ်ကုန်သွားတာ၊ သူက ကိုယ့်အလုပ်ကိုယ်မလုပ်ဘဲ ဟိုက ပြောသမျှကို သူက ဒိုင်ခံပြန်ပြောဖို့က သဘောကျနဲ့ ဟုတ်နေတာပဲ၊ ဒီလတော့ မဂ္ဂဇင်းထဲမှာ အယ်ဒီတာချုပ်လိုချင်တဲ့ ကဏ္ဍမပြည့်စုံဖို့က များပြီ"

ညပိုင်းတီဗွီကနေ ကိုရီးယားဇာတ်လမ်းတွဲမလာခင် ဖုန်းဆင်မှေးက နေ့လယ်က သူမတွေ့ကြုံရတာတွေကို အပီရင်ဖွင့်မိပါတယ်။

"ဒါကတော့ နင်အပြစ်တင်လို့ မရဘူး၊ သူ့မှာ ဝါသနာ[illegible]တာ ရှိတယ်၊ ကိုယ်လုပ်ချင်တာ ကိုယ်လုပ်ရတာပဲ[illegible]ဖြစ်ဖြစ် သူလုပ်ခွင့်ရရင် သူ့မှာ အားဖြစ်တယ်၊ ပီတိဖြစ်တယ်[illegible]မှာလည်း နင်သွားတွေ့တဲ့ စီးပွားရေးလုပ်ငန်းရှင်က သူပြောချင်တာတွေနားထောင်မယ့်သူ ရှိတယ်၊ ပြီးတော့ သူ့ကိုပြန်ပြီး သူ့ဆန္ဒရှိတဲ့ဟာမျိုးကို ပြန်ပြောတော့ သူကျေနပ်တာပေါ့၊ နင်တို့ နောက်တစ်ခါထပ်ပြီး အင်တာဗျူးရင် အဆင်ပြေသထက်မကကို ပြေပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေတာက ကိစ္စမရှိဘူး၊ ငါ့ကိုအပ်ထားတဲ့ ကဏ္ဍက မဂ္ဂဇင်းမှာ ဖောင်ပိတ်မမီရင် ပြဿနာတက်မှာ၊ အဲဒါကြောင့် ငါက ငါ့ကို ပေးထားတဲ့ တာဝန်ကျေပွန်ချင်တယ်၊ ငါ့ကြောင့် လွဲချော်သွားတာမျိုး မဖြစ်စေချင်ဘူး၊ အင်ဒီတာချုပ်ကလည်းဟာ ဘယ်လိုဖြစ်လို့များ မြတ်နိုး ဆိုတဲ့လူကို ငါနဲ့တွဲပေးမှန်းမသိဘူး၊ ရှေ့ရှောက် ဘာတွေဆက်ဖြစ်ဦးမလဲ ဆိုတာ ငါတော့ မတွေးတတ်တော့ဘူး"

ဖြူစင်မွေးက စိတ်ပျက်လက်ပျက်လေသံနဲ့ ပြောရင်းက တီဗွီက နေ ကိုရီးယားဇာတ်လမ်းတွဲ စတင်ပြသ,သဖြင့် ဘာမှမပြောတော့ဘဲ ကိုရီးယားဇာတ်လမ်းတွဲကိုသာ ကြည့်နေပါတော့တယ်။ ဇာတ်လမ်းကောင်း တဲ့အချိန်မှာ ကြော်ငြာတွေက ဝင်လာလို့ စိတ်ထဲကနေ မေတ္တာတွေဘာ တွေတောင် ပို့နေမိပါသေးတယ်။

မထင်မှတ်ဘဲ

တစ်ခါတလေ

လူတစ်ယောက်ကို

အထင်ကြီးလေးစားတတ်ပြန်ပါရောလား၊

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

မဂ္ဂဇင်းတိုက်ထဲကို ဖြူစင်မွှေးရောက်တော့ သတင်းရေးတဲ့ ကောင်မလေးတွေ၊ ကောင်လေးတွေက စာအုပ်တစ်အုပ်စီနဲ့ မြတ်နိုးပြောသမျှကို လိုက်မှတ်နေတာ တွေ့ရပါတယ်။ မြတ်နိုးတစ်ယောက် ဘာတွေပြောလို့ ဘာတွေလိုက်မှတ်နေသလဲဆိုတာ ဖြူစင်မွှေးက လွတ်နေတဲ့ ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်လိုက်ရင်းက အကဲခတ်နေမိပါတယ်။

"မင်းသား၊ မင်းသမီး၊ အဆိုတော်တွေကို အင်တာဗျူးတဲ့အခါမှာ သတိထားရမယ့် အချက်ရှိတယ်၊ အဲဒါက ကိုယ်က ကိုယ်အင်တာဗျူးတဲ့သူကို သူ့အနုပညာကို သဘောကျလေးစားပြီး အဲဒီစိတ်နဲ့ သွားမေးရင် ကိုယ်လိုချင်တဲ့အဖြေကို ရမှာမဟုတ်ဘူး၊ မေးတဲ့သူသိထားရမှာက ငါအင်တာဗျူးတာ စာဖတ်ပရိသတ်အတွက်ဆိုတာ အမြဲတမ်းခေါင်းထဲထည့်ထားရမယ်၊ အဲဒါ သိပ်အရေးကြီးတယ်၊ နောက်ပြီးတော့ ဘယ်လိုမေးခွန်းမေးမလဲ ဆိုတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးက ရှင်းပြနေတာကို သတင်းထောက်ကောင်မလေးတစ်ယောက်က မှတ်တစ်ရစ်လိုက်ပါတယ်။

"အစ်ကို . . ဒါဆို ညီမတို့ ဘယ်လိုမေးခွန်းမျိုးတွေ မေးရမှာလဲ"

"အဓိကပြောရရင်တော့ ကိုယ်အင်တာဗျူးမယ့်လူရဲ့ နောက်ကြောင်းနဲ့ သူ့ရဲ့အခြားသော ဝါသနာတွေကို သိဖို့လိုတယ်၊ တစ်ချို့က တိရစ္ဆာန်မွေးတာ ဝါသနာပါတယ်၊ တစ်ချို့က မျက်မှန်တွေစုတာ ဝါသနာပါတယ်၊ တစ်ချို့က ရတနာစုတာ ဝါသနာပါတယ်၊ တစ်ချို့က ကဗျာရေးတာ ဝါသနာပါတယ် စသဖြင့်ပေါ့၊ ကိုယ်က သူတို့ဝါသနာပါတဲ့ အချက်အလက်တွေကို မသိမသာမေးရင်း ကိုယ်လိုချင်တဲ့ မေးခွန်းကို ရအောင်မေးပြီး သူ့ဆီက အဖြေကို ယူရမှာ"

မြတ်နိုးပြောနေတဲ့ စကားတွေကို နားထောင်နေတဲ့ ဖြူစင်မွှေးတစ်ယောက် မြတ်နိုးက သူ့ကို မသိမသာ စောင်းပါးရိပ်ချည်ပြောနေသလားလို့ တွေးနေမိပါတယ်။ ဒါပေမယ့် မြတ်နိုးပြောတာတွေ ပြန်စဉ်းစားကြည့်တော့ မှန်သလိုလိုတော့ ရှိသားလို့။

"အင်တာဗျူးတဲ့နေရာမှာ သိပ်အရေးကြီးတဲ့ အချက်တစ်ချက်ရှိသေးတယ်၊ အဲဒါက ဘာလဲဆိုတော့ ကိုယ်က အနုပညာရှင်တစ်ယောက်ကို အင်တာသွားဗျူးပါရဲ့၊ သူက အပေါ်မှာထိုင်လို့ ကိုယ်က သူ့အောက်မှာ ဆောင့်ဆောင့်လေးထိုင်ပြီး မေးတာမျိုးတွေ ကြုံရဖူးတယ်၊ အဲဒါ ကိုယ့်တန်ဖိုး ကိုယ်ချတာပဲ၊ အဲဒီအနုပညာရှင်ကလည်း အထင်မကြီးဘူး ဘာဖြစ်လဲ . . . အဲဒီအနုပညာရှင်နဲ့ မျက်နှာချင်းဆိုင်ထိုင်ပြီး အင်တာဗျူးရမယ်၊ ဘာမှသိမ်ငယ်စရာ မလိုဘူး၊ အဲဒီအနုပညာရှင်နဲ့ သူ့ပရိသတ် ပေါင်းကူးပေးဖို့ ကိုယ်က လုပ်တာလို့ ခံယူရမယ်"

မြတ်နိုးပြောသမျှကို လိုက်မှတ်နေသော မဂ္ဂဇင်းတိုက်မှ သတင်း





ထောက်များက ဘာလုပ်ရှားမှုမျိုးမှမပြဘဲ ပြောသမျှကို စာအုပ်ထဲ လိုက်မှတ်နေပါတယ်။ မြတ်နိုးပြောသလိုမျိုး ဖြူစင်မွှေးအင်တာဗျူးကာလတစ်လျှောက်လုံး ပြုမူခဲ့လေသလားလို့ ပြန်စဉ်းစားကြည့်မိတော့ တစ်ချို့ကိစ္စတွေမှာ ကိုယ့်ဘက်က မှားယွင်းတာမျိုးတွေ သတိရမိသွားပါတယ်။

"နောက်ဆုံးပြောချင်တာက ရဲရဲမေးပါ၊ ကိုယ်မေးတဲ့ မေးခွန်းအတွက် ဖြေတဲ့သူက ကျေနပ်ပြီး ကိုယ့်ကလောင်နံမည်ကို သတိထားတလေးတစား ဖြစ်လာပြီဆိုရင် ကိုယ်အောင်မြင်ပြီလို့ မှတ်ပါ၊ ကိုယ့်ကလောင်နံမည်ကို ရဲဝံ့စွာ မေးမြန်းခြင်းဖြင့် တည်ဆောက်ပါ"

မြတ်နိုးလေသံတွေက အတော်တက်ကြွနေပါတယ်။ သတင်းထောက်တွေကလည်း မြတ်နိုးစကားအဆုံး ကျေနပ်တဲ့ အမူအရာမျိုးတွေ တွေ့နေရပါတယ်။

"မြတ်နိုး . . . ရှင်စောစောက ပြောသွားတာတွေ တော်တော်လေးကောင်းတယ်၊ ကျွန်မတောင် နည်းနည်းလေးစားချင်စိတ်ပေါက်လာပြီ"

"ဖြူစင်မွှေး . . . ခင်ဗျားကို ကျွန်တော်တစ်ခါတုန်းက ပြောဖူးပါတယ်၊ ဘယ်အနုပညာရှင်ကိုမှ သူတို့ကြိုက်တဲ့မေးခွန်းမျိုး မေးဖို့မလိုဘူး၊ ပရိသတ်သိချင်တဲ့အရာကိုမေးဖို့ မေးခွန်းမေးသူက သတ္တိရှိရမယ်၊ ဒါပဲ . . . ခင်ဗျားကိုလည်း အကြံပြုချင်ပါတယ်၊ လုံးချင်းဝတ္ထုရေးတာတရေးတာပေါ့၊ သတ္တိရှိရှိမေးခွန်းတွေ မေးပြီး အင်တာဗျူးပါ၊ အမေးခံရသူတွေက ဖြေပါလိမ့်မယ်"

"ဟုတ်ကဲ့ပါ . . . ရှင်"

ဖြူစင်မွှေး ဆန့်ကျင်ဘက်စကားကိုမဆိုဘဲ ခေါင်းညိတ်ပြလိုက်ပါတယ်။ ဘာဖြစ်လို့လည်းဆို သူပြောတာက မှန်နေလို့ပါ။ မြတ်နိုးတို့

www.burmeseclassic.com



နည်းနည်းတော့ လေးစားချင်မိသွားပါတယ်။ သူ့ကိုမုန်းတဲ့ အချက်တွေ ရှိပေမယ့် ဒါမျိုးကျတော့လည်း ဟုတ်နေတာပဲကိုး။

❑ ❑ ❑



လူတွေဆိုတာ
တစ်ခုခုတော့ လွဲကြတာပါပဲ။
အဲဒီအထဲမှာမှ
ကိုယ့်ဝါသနာကြောင့်
ဖြစ်ရတဲ့အလွဲတွေလည်း ရှိတာပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မိတ်ကပ်အလှဖန်တီးရှင် ရိုစီခင်ခင်ရဲ့ အလှပြင်ခန်းကိုရောက်တော့ ညနေငါးနာရီခွဲကျော်ပြီ။ ရိုစီခင်ခင်ကို သူ့ရဲ့ဘဝဇာတ်ကြောင်းနဲ့ ပတ်သက်ပြီး အလှဖန်တီးရှင်တစ်ဦးအဖြစ် ဘယ်လိုဖြတ်သန်းလာရသလဲ မေးရမှာမို့ပါ။ ရိုစီခင်ခင်က နာမည်ကြီးဖက်ရှင်ဒီဇိုင်နာသာမက မင်းသမီး၊ အမျိုးသမီးအဆိုတော်တွေကိုလည်း အလှပြင်တဲ့နေရာမှာ နာမည်ကြီးဆိုတော့ သူ့အကြောင်းကို ဖော်ပြသင့်တယ်ထင်လို့ ဖြူစင်မွှေးတဆုံးဖြတ်ပါတယ်။ ဒါကို မြတ်နိုးကလည်း လက်ခံပါတယ်။ သူနဲ့တွေ့ရင် ဘာမေးရမလဲဆိုတဲ့ မေးခွန်းတွေကို နှစ်ယောက်သား တိုင်ပင်ကြပါသေးတယ်။

"ဟယ် . . . မာမီရိုစီကို ဗျူးဖို့လာတာလား၊ မာမီရိုစီမရှိဘူး . . . အားနာလိုက်တာ"

မာမီရိုစီခင်ခင်ရဲ့ အလှပြင်ခန်းက အလှဖန်တီးရှင်တစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်ပါတယ်။

"မာမီရှိစီခင်ခင် ဘယ်သွားလို့လဲ"

"မာမီရှိစီခင်ခင်က ဒီည သူ့အဖွဲ့တွေနဲ့ တေးသရုပ်ဖော်က ရှိတယ်၊ အဲဒီကို သွားတယ်၊ မာမီရှိစီရဲ့အကြောင်းကိုလည်း သိရဲ့သာ စင်ပေါ်မှာကတာ ဘယ်လောက်ဝါသနာပါလဲ"

"ဒါဆို ဘယ်နေရာမှာ ကတာလဲ"

ဖြူစင်မွှေးရဲ့အမေးကို မာမီရှိစီခင်ခင်ရဲ့ အလှဖန်တီးရှင် မာမီရှိစီခင်ခင် တေးသရုပ်ဖော်ကမယ့်နေရာကို ပြောပါတယ်။

"မြတ်နိုးရေ . . . မာမီရှိစီခင်ခင်နဲ့က မတွေ့လို့ မဖြစ်ဘူး၊ အဲ နေရာကို သွားကြမယ်၊ တစ်မျိုးတစ်ဖုံတော့ ထူးထူးခြားခြား သတင်း မှာပဲ"

"သွားလေ . . . အခုလာတဲ့ အလုပ်ကိစ္စက သူနဲ့ပတ်သက်တ ဆိုတော့ တစ်ခါတည်းပြီးအောင် လုပ်ရမှာပေါ့"

မြတ်နိုးရဲ့စကားအဆုံး မာမီရှိစီခင်ခင်ရဲ့တပည့်ဖြစ်တဲ့ အလှ ဖန်တီးရှင်က . . .

"မာမီရှိစီ ဒီညပြင်ထားတာ ကြည့်လိုက်၊ မင်းသမီးတွေ ငိုသွား မယ်၊ ဘယ်လိုကမလဲဆိုတာပါ ကြည့်လိုက်ဦး"

ဖြူစင်မွှေးနဲ့ မြတ်နိုးက ဘာမှမပြောဘဲ အလှပြင်ခန်းထဲက ထွက်လာရင်း မာမီရှိစီခင်ခင်နဲ့ သူ့အဖွဲ့ တေးသရုပ်ဖော်ကမယ့်နေ ထွက်လာကြပါတယ်။

□



အလှဖန်တီးရှင်များရဲ့ တေးသရုပ်ဖော်ကပွဲက တော်တော်စည် ပါတယ်။ နောက်ခံသီချင်းဖွင့်ပေးတဲ့ ဆောင်းဘောက်တွေနဲ့ စက်တွေက ည်း ကောင်းတော့ တကယ့်ကို စတီတ်ရှိုးအတိုင်းပါပဲ။ မြတ်နိုးနဲ့ ဖြူစင် မွှေးတို့ရောက်တော့ တေးသရုပ်ဖော်ကပွဲ အစီအစဉ်က စ,နေပါပြီ။ ရပ် က်ထဲက လူသွားလမ်းမကြီးကိုပိတ်ပြီး စင်ထိုးထားတာပါ။

"ဖြူစင်မွှေး လွယ်ပါ့မလား၊ လူတွေက အများကြီးနော်၊ ဘယ်လို မှာလဲ"

"အခြေအနေကြည့်လုပ်ရမှာပဲ"

လူအုပ်ကြားထဲကနေ မြတ်နိုးနဲ့ ဖြူစင်မွှေးတို့ နှစ်ယောက်သား း၀င်လာတဲ့ အချိန်မှာပဲ မာမီရှိစီခင်ခင်က ထွန်းအိန္ဒြေဗိုရဲ့ ချစ်ခြင်းကို ဲ့ပါနဲ့ သီချင်းနဲ့ ကလို့နေပါတယ်။ မာမီတွေ တော်ပုံများ တကယ့်ကို န်းအိန္ဒြေဗိုသရုပ်ဆောင်တဲ့ အမူအရာမျိုးပါပဲ။ ပရိသတ်လက်ခုပ်သံ ကလည်း သောသောညံနေတာပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



မာမီရိုစီခင်ခင် ပြီးသွားတဲ့အခါ နောက်ထပ်မာမီတစ်ဦးက ထပ် မ်ကပြပါတယ်။ ဒီအချိန်မှာ အဝေးကနေ မြတ်နိုးနဲ့ ဖြူစင်မွေးမြင်နေ တာက မာမီရိုစီခင်ခင်နဲ့ အခြားမာမီတွေ ဘာတွေစကားများနေသလဲ မသိ။ တစ်ခုခုတော့ ဖြစ်နေပုံပါပဲ။

မကြာပါဘူး။ မာမီရိုစီခင်ခင်နဲ့အဖွဲ့က ကပြနေတဲ့ စင်မြင့်နား ကနေ စင်မြင့်ကို ရပ်ကြည့်နေတဲ့ ပရိသတ်တွေနား ရောက်လာပါတယ်။ မာမီရိုစီခင်ခင်ကိုကြည့်ရတာ တစ်ခုခုကို ပေါက်ကွဲနေသလိုပါပဲ။

“ဒီဟာမတွေ ရိုစီ့ကို ဒါမျိုးလာမကြောနဲ့ လုံးဝမရဘူး၊ သူတို့က လာကပါဆိုလို့လည်း လာကရတယ်၊ ကိုယ့်အဖွဲ့တွေကျတော့ ပေးမက ချင်ဘူး၊ ဟဲ့ . . . သူတို့သီချင်းဖွင့်တဲ့အခါ သူတို့စင်ပေါ်မှာ ကတဲ့သီချင်း နဲ့ တို့လည်း ဒီလမ်းမပေါ်မှာ ကမယ်၊ တွေ့ပြီပေါ့ဟယ်”

အလှဖန်တီးရှင်များအဖွဲ့ကနေ တစ်ယောက်က စင်မြင့်ပေါ်မှာ ချမ်းချမ်းသီချင်းနဲ့ ကတဲ့အခါ လမ်းမပေါ်မှာရှိနေတဲ့ မာမီရိုစီခင်ခင်တို့ အဖွဲ့ကလည်း အဲဒီသီချင်းနဲ့အတူ လိုက်ကပါတယ်။ စင်မြင့်ဖက်ကိုကြည့် နေတဲ့ ပရိသတ်တွေက မာမီရိုစီခင်ခင်တို့ ကနေတဲ့ဖက်ကို နောက်ပြန် လှည့်ကြည့်ကြပြီး လူအုပ်ကြီးက ဝိုင်းသလို ဖြစ်သွားပါတယ်။

စင်မြင့်ထက်မှာ ကနေတဲ့ အလှဖန်တီးရှင်တွေရဲ့ ကပွဲကို ကြည့် သူကတစ်ဝက်၊ မာမီရိုစီခင်ခင်တို့ ကနေတဲ့ လမ်းမပေါ်က ကပွဲကို ကြည့် သူကတစ်ဝက် ဖြစ်ကုန်ပါတယ်။

“ဘယ်လိုလုပ်မလဲ မြတ်နိုးရေ . . . ဘယ်လိုဖျော်ရမလဲ”

“ဘာမှဖျော်မနေနဲ့၊ ဒီကပွဲက မာမီတွေချင်း မကျေနပ်လို့ ပြိုင်ပ ပွဲ ဖြစ်သွားပြီ၊ တစ်ဖက်က မာမီရိုစီခင်ခင်တို့ကို နေရာမပေးလို့ မာ အချင်းချင်း ထပေါက်ကွဲတာ၊ ဘာဖြစ်မလဲ စောင့်ကြည့်”





မြတ်နိုးက ဖြူစင်မွေးကိုပြောရင်းက ကင်မရာကိုထုတ်ပြီး မာမီ ရိုစီခင်ခင်တို့ လမ်းမပေါ်မှာ ကနေတာကို ဓါတ်ပုံရိုက်လိုက်ပါတယ်။

“ဟဲ့ . . . သား၊ လှလှနဲ့ များများရိုက်ပေး၊ မာမီရိုစီတို့ကို ဒါမျိုး လာကျောလို့ မရဘူး၊ ဟွင်း . . . ဒီကောင်မ မီးငယ်သီမယ်”

မာမီရိုစီခင်ခင်က သူတို့ကို ဓါတ်ပုံရိုက်နေတဲ့ မြတ်နိုးကို ကျေ နပ်သလို ဖြစ်သွားရင်းမှ စင်မြင့်ဖက်ကို မျက်စောင်းထိုးလှည့်ကြည့်ပြီး ပြောရင်းက သီချင်းပြီးတဲ့အထိ ဆက်ကနေပါတယ်။

“ဒီမှာ ခုံရှည်မရှိဖူးလား၊ များတို့ ခုံပေါ်မှာ တက်ကပြမယ်”

မာမီရိုစီခင်ခင်က ပရိသတ်ဖက်ကိုကြည့်ပြီး ပြောလိုက်ပါတယ်။

“ရမယ် . . . ရမယ်”

ပရိသတ်ထဲက လူငယ်သုံးဦးက အော်ပြောရင်း ချက်ချင်းဆို သလို ပလပ်စတစ်ခုံလေးလုံးယူလာပြီး ညီညီညာညာ စီလိုက်ပါတယ်။ စင်မြင့်ပေါ်ကနေ နောက်ထပ်သီချင်းတစ်ပုဒ် ထပ်ဖွင့်တဲ့အခါ အလှဖန် တီးရှင်နှစ်ယောက်က အဲဒီခုံတွေပေါ် တက်ကပါတယ်။ ပရိသတ်တွေက အော်ဟစ်ရင်း လက်ခုပ်လက်ဝါးတီးတဲ့အခါ စင်မြင့်ဖက်ကိုကြည့်နေတဲ့ ပရိသတ်တွေပါ နောက်ပြန်လှည့်ကြည့်ပြီး မာမီရိုစီခင်ခင်တို့ ကတဲ့အနား ရောက်လာတာ စင်မြင့်ဖက်မှာ ကြည့်နေသူအချို့သာ ရှိပါတော့တယ်။ မာမီရိုစီခင်ခင်က ပရိသတ်တွေကိုကြည့်ရင်း ဂုဏ်ယူလို့ နေပါတယ်။

“ဖြူစင်မွေး . . . ဒီမာမီတွေရဲ့ ပြိုင်ပွဲက ပိုရှုပ်လာနိုင်တယ်၊ ဒါတော့ နောက်မှသာ သူ့ကိုဖျော်ဖို့လုပ်တော့၊ သွားကြမယ်”

မြတ်နိုးစကားကို ဖြူစင်မွေးလည်း ဘာမှဆန့်ကျင်ဘက်မလုပ် ဘဲ လူအုပ်ကြားထဲက တိုးထွက်ရင်း လှည့်ပြန်လာခဲ့ပါတယ်။ ရှေ့လျှောက် ဘာတွေဆက်ဖြစ်လေမလဲ မသိ။



www.burmeseclassic.com

www.burmeseclassic.com

စိတ်ပိုင်းဆိုင်ရာအရ

လူဆိုတာ

တစ်ခုခုတော့ ကြောက်တတ်တာ

တစ်ရာရာခိုင်နှုန်းမှာ

ကိုးဆယ်ရာခိုင်နှုန်းတော့ ရှိရဲ့။

အဲဒီအကြောက်တရားကို

ရယ်စရာအဖြစ် လုပ်ကြတာ

နည်းနည်းတော့ လွဲနေမလားမသိ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

အခုတလောမှာ ဖြူစင်မွှေးတစ်ယောက် လုံးချင်းဝတ္ထုလည်း မရေးနိုင်၊ အချစ်အကြောင်းလည်း မစဉ်းစားနိုင်ဘဲ မဂ္ဂဇင်းအတွက် အင်တာဗျူးတွေနဲ့သာ အလုပ်ရှုပ်နေပါတယ်။ အင်တာဗျူးတိုင်း မြတ်နိုးက သူမနဲ့အတူပါလို့ နေပါတယ်။

ဒီနေ့လည်း နာမည်ကြီးမင်းသမီးတစ်ဦးကို အချစ်အကြောင်းနဲ့ ပတ်သက်လို့ သူမရဲ့ခံစားချက်တွေ ဘယ်လိုရှိမလဲဆိုပြီး အဲဒီမင်းသမီး ရိုက်ကွင်းရှိတဲ့ နေရာဆီသွားပြီး အင်တာဗျူးရပါတယ်။

မင်းသမီးက ဇာတ်ကားရိုက်နေတော့ သူမအားမယ့်အချိန်ထိ စောင့်နေရပါတယ်။ အဲဒီမင်းသမီးကို ဖြူစင်မွှေးလိုမျိုးလာပြီး အင်တာဗျူးမယ့်သူတွေလည်း ရှိနေလို့ ကိုယ့်အလှည့်ရောက်အောင် စောင့်နေရပါသေးတယ်။ သူတို့ဗျူးလို့ပြီးပြီဆိုမှ ကိုယ်က မေးရပါတော့တယ်။

"တို့ကို သူများတွေမေးတဲ့ မေးခွန်းမျိုးတွေ မမေးနဲ့နော်၊ ဖြေရ



www.burmeseclassic.com

www.burmeseclassic.com



တာပျှင်းတယ်"

မင်းသမီးက စိတ်ပျက်တဲ့လေသံနဲ့ ပြောပါတယ်။ ပြောလည်း ပြောချင်စရာပေါ့လေ။ သူ့ခမျာ မေးသမျှလည်း ဖြေရ၊ ဓါတ်ပုံတွေလည်း အရိုက်ခံရဆိုတော့ ဒီလောက်တော့ ရှိမှာပေါ့။

ဖြူစင်မွေးက ဒစ်ဂျစ်တယ်အသံဖမ်းစက်ခလုတ်ကို ဖွင့်လိုက်ပြီး မင်းသမီးမေရွှန်မိုးကို ဖျူးပါတော့တယ်။

"မေရွှန်အနေနဲ့ အချစ်ကို ဘယ်လိုမြင်သလဲ"

"ကျွန်မကတော့ အချစ်ကို အချစ်လို့ မြင်ပါတယ်"

မင်းသမီးမေရွှန်မိုးရဲ့အဖြေကို နားထောင်နေတဲ့ မြတ်နိုးရယ်ချင် မိလို့ မနည်းစိတ်ထိန်းထားလိုက်ရပါတယ်။

"ဘဝမှာ အချစ်ဦးဟာ ဘယ်သူဖြစ်ခဲ့ဖူးလဲ၊ ဒီအဖြေကို မဖြေ ချင်လည်း ရတယ်နော်"

"မေရွှန်ရဲ့ဘဝမှာ မေရွှန်နဲ့ ချစ်ခဲ့ဖူးသူမှန်သမျှ မေရွှန်ရဲ့အချစ် ဦးတွေချည်းပါပဲ၊ မေရွှန်က အချစ်အတွက် ပေးဆပ်သူသက်သက်ပါ။ မေရွှန်ရလိုက်တာက ခံစားမှုတွေချည်းပါပဲ"

မြတ်နိုး ကောက်ချက်ချမိပါတယ်။ ဒီမင်းသမီးခမျာ အချစ် အတွက် ပေးကမ်းရက်ရောတာ သူနဲ့ရည်းစားမဖြစ်လိုက်ရတာ နာတယ် လို့။

"ဒါနဲ့ မေးမယ်နော်၊ စိတ်မဆိုးနဲ့၊ ဒီမေးခွန်းကို မဖြေချင်လည်း ရတယ်"

"မေးပါ . . . ဖြေပါ့မယ်"

"စပွန်ဆာဆိုတဲ့ ဝေါဟာရကို ဘယ်လိုဖွင့်ဆိုမလဲ"

"စပွန်ဆာဆိုတာ ကိုယ့်ဘဝကို မြှင့်တင်ပေးတာပဲ၊ ဒီစပွန်ဆာ





ကြောင့် ဘဝတိုးတက်သွားသူတွေ အများကြီးပဲလေ၊ စပွန်ဆာဆိုတာ လိုအပ်တာပေါ့"

ထိုအဖြေစကားကြောင့် မြတ်နိုးထိတ်လန့်သွားပါတယ်။ ဒီမင်း သမီးရဲ့အဖြေစကားကို ဖတ်ရတဲ့ ကောင်မလေးတွေ အတုယူလျှင်တော့ သွားပြီလို့။ ဒါကြောင့် မြတ်နိုးမေးခွန်းတစ်ခု မေးလိုက်ပါတယ်။

"ဒါဖြင့်ရင်မျှာ . . . ဒီစပွန်ဆာကြောင့် ကိုယ်ကျင့်တရားပျက် ဘဝပျက်သွားတဲ့ သူတွေကျတော့ ဘယ်လိုစာနာပေးမလဲ၊ စပွန်ဆာတိုင်း ကောင်းတယ်ချည်း ပြောလို့ရမလား"

မြတ်နိုးစကားကြောင့် မင်းသမီးဒေါသထွက်သွားသလား မသိ။

"ရှင်က ဘာလဲ၊ ကျွန်မကို ပြန်ချေပတာလား၊ သူများတွေတော့ မသိဘူး၊ ကျွန်မအတွက်တော့ စပွန်ဆာဟာ မရှိမဖြစ်ဘဲ၊ ဒီစပွန်ဆာ ကြောင့် ကျွန်မဒီလိုဘဝမျိုး ရောက်ခဲ့ရတယ်"

"အဲဒါ ခင်ဗျားကိုယ်ခင်ဗျား အငယ်အနှောင်း၊ မယားငယ်ဘဝ နှင်းမသိလို့ ဖြစ်တာ၊ ဒီမှာ ကျွန်တော်အပြတ်ပြောမယ်၊ အခုဗျူးတဲ့ အင် တာဗျူးကို စာမျက်နှာပေါ် မတင်ဘူး၊ ဒါကို ဖတ်မိတဲ့ အမျိုးကောင်းသမီး လေးတွေ ရေတိမ်နစ်ကုန်မှာစိုးလို့"

မြတ်နိုးက ဖြူစင်မွေးကို ကြည့်လိုက်ပြီး . . .

"ဖြူစင်မွေး . . . ဒီအင်တာဗျူးကို မဂ္ဂဇင်းမှာ ထည့်မယ်ဆို ကျွန်တော်နဲ့ခင်ဗျားနဲ့ တွဲမလုပ်တော့ဖူးမှတ် . . . သွားမယ်"

မြတ်နိုးက ရှေ့ကနေ ဒေါသတကြီး ထွက်သွားပါတယ်။ ဖြူစင် မွေးလည်း မင်းသမီးကို ပြုံးပြလိုက်ပြီး မြတ်နိုးနောက်ပြေးလိုက်သွားပါ တယ်။

"ရှင်က တော်တော်ဒေါသကြီးတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒေါသကြီးတာ မဟုတ်ဘူး၊ ဘယ့်နှယ်ဗျာ . . . သူဖြေတာတွေက ဟုတ်မှမဟုတ်တာ၊ အဲဒါ ခင်ဗျားမေးခွန်းကြောင့် ဖြစ်နေတာ"

"အံမယ် . . . လာ . . . လာ . . . ချည်သေးရဲ့၊ ဗီက မေးတာက အဲဒီအမေးအဖြေကဏ္ဍနဲ့ လူစိတ်ဝင်စားပွဲဆူအောင် လုပ်မလို့ဟာ"

"တော်ပါဗျာ . . . ဘာမဟုတ်တဲ့ဟာနဲ့ ပွဲဆူအောင် မလုပ်ချင်စမ်းပါနဲ့၊ အနုပညာသန့်သန့်ပေါ်ပြရင်း လူစိတ်ဝင်စားတာမျိုးပဲ ကောင်းပါတယ်ဗျာ"

"ရှင့်စကားကြောင့် မင်းသမီးတော့ အခုထိ ဆတ်ဆတ်ခါနာနေဦးမှာပဲ"

"နာလည်း ဘာတတ်နိုင်မှာလဲဗျာ၊ လူမှာ အရေးကြီးဆုံးက ကိုယ်ကျင့်တရားပဲ၊ ကိုယ့်စကားကြောင့် ကိုယ်ကျင့်တရားပျက်တာမျိုးတွေက ဘယ်မှာကောင်းမှာလဲဗျာ"

မြတ်နိုးစကားကြောင့် ဖျူစင်မွှေးတစ်ယောက် မြတ်နိုးကို လေးစားချင်စိတ်ပေါက်လာမိပါတယ်။ တစ်ခါဖူးမှ မကြားရဖူးလို့ပါ။ ဒီနေ့မှ ဒီလိုပြောတာ ဘာကြောင့်လဲဆိုတာ ဖျူစင်မွှေး မသိရေးချမသိပါ။

□



ပျိုပျိုမေမဂ္ဂဇင်းတိုက်ရဲ့ ထောင့်ဆုံးအခန်းထဲကို မြတ်နိုးဝင်လိုက်တယ်။ ပျိုပျိုမေမဂ္ဂဇင်းတိုက်က ကွန်ဒိုမီနီယမ်အထပ်သုံးလွှာမှာဆိုတော့ ကျယ်ကလည်း ကျယ်၊ အခန်းဖွဲ့စည်းထားတာကလည်း သူ့ဟာနဲ့သူဆိုတော့ မဂ္ဂဇင်းအတွက် သူ့ကဏ္ဍနဲ့သူ အခန်းတွေက ရှိပြီးသားပါ။

အခု မြတ်နိုးထောင့်ဆုံးအခန်းကို လာရတာကလည်း အကြောင်းရှိလို့ပါ။ အဲဒီအကြောင်းက ဘာလဲဆိုတော့ မြတ်နိုးတစ်ယောက် စာမရေးချင်ဘဲ ပျင်းနေလို့ပါ။

ထောင့်ဆုံးအခန်းထဲက စားပွဲမှာ အန်တီမေကလောင်အမည်ခံထားတဲ့ ဦးထွန်းထွန်းတစ်ယောက် မဂ္ဂဇင်းတိုက်ကိုရောက်လာတဲ့ ချစ်ရေးချစ်ရာကိစ္စတွေကို စာနဲ့လှမ်းမေးတာတွေကို ဖတ်ကြည့်ရင်း အဖြေပေးသင့်တဲ့ဟာမျိုးဆို ပြန်လည်ဖြေကြားရေးသားလို့ နေပါတယ်။

"အန်ကယ် . . . ဘာတွေဘယ်လောက် ပြီးပြီလဲ"

ဦးထွန်းထွန်းက စာရေးနေတာကို ရပ်တန့်ရင်းပဲ . . .



www.burmeseclassic.com

www.burmeseclassic.com



"ငါးပုဒ်တော့ ပြီးပြီ၊ သင့်မယ့်ဟာတွေ ဖြေပေးနေရတာပေါ့ကွာ"

"ရယ်ဖို့တော့ ကောင်းတယ်နော်၊ အန်တီမေဆိုတာ အမျိုးသမီး ထင်ပြီး မေးလိုက်ကြတာ၊ ယောကျ်ားကြီးဖြစ်နေတာမှန်းသိရင် ဘယ်လောက်တောင် အသည်းနာမလဲ မသိဘူး"

"ဒါကတော့ အန်ကယ်ရဲ့ အတတ်ပညာပဲလေ၊ အန်ကယ်က လူပျိုကြီးဆိုပေမယ့် လူပျိုကြီးဆိုကတည်းက အချစ်နဲ့ပတ်သက်ပြီး လွဲခဲ့သမျှတွေကို ပြောင့်ပြန်လှန် တစ်သက်လုံးတောက်လျှောက် အချစ်နဲ့ ပတ်သက်စဉ်းစားပြီး ချစ်ကံခေသူတွေကို အကြံပြုပါရမီဖြည့်ပေးမယ်လို့ ဆုံးဖြတ်ခဲ့တာကိုး၊ ဒါလည်း ကုသိုလ်ရသလို ဒီကဏ္ဍကလည်း မဂ္ဂဇင်းမှာ အောင်မြင်တဲ့ကဏ္ဍ ဖြစ်နေတယ်လေ"

ဦးထွန်းထွန်းက သူ့ကိုယ်သူ ကိုယ်ရည်သွေးနေတာကို နားထောင်နေတဲ့ မြတ်နိုးစိတ်ထဲကနေ ပြုံးမိပါတယ်။

"ဟုတ်တာပေါ့ . . . အဲဒါကြောင့်လည်း အန်ကယ့်ဆီမှာ အကူအညီတောင်းချင်လို့ ရောက်လာတာ"

"ပြော . . . အန်ကယ်ဘာကူညီရမလဲ"

"ဒီလိုအန်ကယ်ရဲ့၊ ကျွန်တော့်သူငယ်ချင်းတစ်ယောက်က ကျွန်တော်တို့မဂ္ဂဇင်းတိုက်ထဲက ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားပြီး ချစ်နေတယ်၊ သူက ဘာဆက်လုပ်ရမှန်း မသိဘူး"

"နေပါဦး . . . ဘယ်သူများလဲကွ၊ ဒီမဂ္ဂဇင်းတိုက်က အမျိုးသမီးတွေ ငါအားလုံးသိပါတယ်"

"ဟုတ်ကဲ့ . . . ကျွန်တော်လိုက်ပြပါ့မယ်၊ အန်ကယ်ကသာ အဲဒီကောင်မလေးကိုကြည့်ပြီး ဘယ်လိုဆက်လုပ်သင့်သလဲဆိုတာ လမ်းညွှန်ပေးပါ၊ ကျွန်တော် သူ့ကို ပြန်ပြောပြမယ်"





"ရတယ် . . . မြတ်နိုး၊ အန်ကယ့်ကိုသာ လိုက်ပြ၊ အကောင်းဆုံး နဲ့ အမြန်ဆုံး ချစ်သူဖြစ်စေရမယ်"

ဦးထွန်းထွန်းက ထိုင်ရာကနေ ထလိုက်ပြီး မြတ်နိုးနဲ့အတူ အခန်း တာ ထွက်လာပါတယ်။ မြတ်နိုးက မဂ္ဂဇင်းတိုက်ရဲ့ ကြော်ငြာဌာနအခန်း ကို ခေါ်လာပါတယ်။ အခန်းဝထိပ်ရောက်တော့ . . .

"အန်ကယ် . . . အဲဒီကောင်မလေးကို ကျွန်တော့်သူငယ်ချင်းက ချစ်နေတာ၊ သူဘယ်မှာတွေ့ပြီး ချစ်သွားတာလဲတော့ မသိဘူး"

ဦးထွန်းထွန်းက မြတ်နိုးလက်ညှိုးထိုးပြတဲ့ ကောင်မလေးကို အကဲခတ်ကြည့်လိုက်ရင်းက မျက်နှာက ရုတ်ချည်းဆိုသလို ဒေါသထွက်သည့် အမူအရာလိုဖြစ်သွားပြီး မြတ်နိုးကိုကြည့်လိုက်ပြီး . . .

"မြတ်နိုး . . . မင်းက ငါ့ကိုလာနောက်တာလား၊ အဲဒါ ငါ့တူမ တွေ ငါ ဒီမှာအလုပ်သွင်းပေးထားတာ သုံးရက်ပဲရှိသေးတယ်၊ မင်း . . . ဒါ . . . နောက်စရာမဟုတ်ဘူး"

"မနောက်ပါဘူး အန်ကယ်၊ ကျွန်တော့်သူငယ်ချင်းက ပြလို့ အန်ကယ့်ကို ပြောတာ၊ ပြောမယ့်သာ ပြောတာ၊ အန်ကယ့်တူမက တကယ့် အလန်းလေးပဲ၊ ကျွန်တော့်သူငယ်ချင်းကြိုက်ရင်လည်း ကြိုက်ချင်စရာပဲ"

"မြတ်နိုး . . . မင်းစကားဒီမှာရပ်၊ ငါသည်းမခံနိုင်တော့ဘူး"

ဦးထွန်းထွန်းရဲ့ ဒေါသတကြီးအော်ဟစ်သံကြောင့် မဂ္ဂဇင်းတိုက်ထဲမှ လူတွေက မြတ်နိုးနဲ့ ဦးထွန်းထွန်းကို ဝိုင်းကြည့်နေကြပါတယ်။ ဦးထွန်းထွန်းရဲ့တူမကလည်း ဘာဖြစ်သလဲ အံ့အားတသင့်နဲ့ ဖြစ်နေပါတယ်။

"ဒီကိစ္စကိုတော့ ငါအခု အယ်ဒီတာချုပ်နဲ့ သွားပြောမယ်၊ ငါသည်းမခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဦးထွန်းထွန်းတာ မြတ်နိုးအနားကနေ ထွက်သွားပြီး အယ်ဒီတာချုပ်ရုံးခန်းထဲ ဝင်သွားပါတယ်။

အယ်ဒီတာချုပ်ကို ဦးထွန်းထွန်းက ဖြစ်ကြောင်းကုန်စင် ရှင်းပြပါတယ်။ အယ်ဒီတာချုပ်က ရယ်မောရင်းက မြတ်နိုးကို သူဆုံးမပေးမယ့်အကြောင်း ကတိပေးပါတယ်။

အယ်ဒီတာချုပ်ရုံးခန်းထဲမှာ ရှိနေတဲ့ ဖြူစင်မွေးကတော့ လူတစ်ဖက်သား အံ့အားတသင့်ထိတ်လန့်အောင် အစအနောက်သန်တဲ့ မြတ်နိုးကို ဒေါပွနေမိပါတယ်။

ဖြူစင်မွေးရဲ့ဘဝမှာ သူမမုန်းတီးတဲ့ လျှို့ဝှက်အချက်(၁၀)ချက်ထဲမှာ အခုမြတ်နိုးပြုမူတဲ့ သူတစ်ပါးထိတ်လန့် အံ့အားသင့်အောင်လုပ်တဲ့အချက်က နံပါတ်(၆)ဖြစ်နေလို့ အရင်က မြတ်နိုးကို လေးစားချင်တဲ့စိတ်ကလျော့ပြီး စိတ်ထဲကနေ ဒေါသထွက်နေမိပါတယ်။

ဖြူစင်မွေးမုန်းတီးတဲ့ အချက်တွေ မြတ်နိုးဆီမှာ ဘယ်လိုဖြစ်လို့များ ရောက်နေသလဲဆိုတာ ဖြူစင်မွေး မစဉ်းစားတတ်တော့ပါ။

❑ ❑ ❑



လူ့အဖွဲ့အစည်းကို

ဆန့်ကျင်တဲ့ စကားလုံးတွေနဲ့

အသက်ရှင်သူတွေ

ကမ္ဘာ့အပြင်ဘက်မှာ

ဘယ်လောက်တောင် ရှိနေပြီလဲ !!!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"အဲဒါပဲကြည့်တော့ ခင်ရတနာရယ်၊ ငါက သူ့ကိုလေးစားချင်ပါတယ်ဆိုကာမှ သူက သူ့ရဲ့နဂိုဗီဇက ဖေါက်ဖေါက်လာတာ"

ဖြူစင်မွှေးက သူမကြုံတွေ့ခဲ့ရတဲ့ မြတ်နိုးနဲ့ပတ်သက်သမျှကို ရင်ဖွင့်တော့ ခင်ရတနာက ရယ်ပါတယ်။

"ခင်ရတနာရယ် . . . နင် ငါ့ကိုကြည့်ပြီး ဘာဖြစ်လို့ရယ်တာလဲ"

"ရယ်ချင်လို့ပေါ့ . . . နင်က နင့်ရဲ့မသိစိတ်ထဲမှာ မြတ်နိုးကို စွဲလမ်းနေတာ သေချာတယ်"

"ဘာသေချာတာလဲ . . . ဒင်းကို စွဲလမ်းဖို့ နေနေသာသာ ငါ မုန်းတဲ့ အချက်(၁၀)ချက်ထဲမှာ သူက (၆)ချက်တောင် ငြိနေတာ **စိတ်**ဝင်စားစရာလား၊ သူနဲ့ ငါနဲ့က အလုပ်အတူတူလုပ်ရတော့ သူ့အကြောင်း ဒီလောက်တော့ ပြောဖြစ်မှာပေါ့"

"ဒီမှာ ဖြူစင်မွှေး . . . တို့လိုမိန်းမသားတွေမှာ ဆန့်ကျင်ဘက်



www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားတစ်ဦးကို နှစ်ခြိုက်လို့ပဲဖြစ်စေ၊ မုန်းတီးလို့ပဲဖြစ်စေ ပြောတတ်ကြတယ်၊ ဒါပေမယ့် ပြောတဲ့လေသံက မာတယ်၊ မာချင်း မမာချင်းထက် ကိုယ်စိတ်ဝင်စားသူကို ပြောရရင် ကျေနပ်ကြတာချည်းပဲ၊ နင်လည်း မြတ်နိုးကို မကျေနပ်ဖူးလို့သာ ပြောနေတာ၊ နင့်ရဲ့လေသံထဲမှာ ကြည်နူးနေတဲ့ အရိပ်အငွေ့တွေ မြင်နေရတယ်၊ အဲဒါ နင်ငြင်းမလား"

ခင်ရတနာစကားကြောင့် ဖြူစင်မွေး ဘာဖြေရမှန်းမသိ။

"ဒါကတော့ နင့်အယူအဆနဲ့ နင်လေ၊ ငါ့အယူအဆကတော့ နင်နဲ့ဆန့်ကျင်ဘက်ပဲ"

"သိပ်အပြောမကြီးနဲ့ ဖြူစင်မွေး၊ ရှေ့လျှောက်ဘာဆက်ဖြစ်မယ် ဆိုတာကိုပဲ ငါဆက်ကြည့်ဦးမယ်"

ဖြူစင်မွေးကတော့ ခင်ရတနာပြောတဲ့စကားထက် မြတ်နိုးတစ်ယောက် လုပ်ပုံကိုင်ပုံ၊ ပြောပုံဆိုပုံတွေကိုသာ မျက်လုံးထဲ မြင်ယောင်နေမိပါတယ်။

အဲဒါ ဘာကြောင့်လဲ မသိပါ။

□



နေ့လယ်ခင်းမို့ မဂ္ဂဇင်းတိုက်မှာ သူ့အဖွဲ့နှင့်သူ ကော်ဖီမစ်သောက်သူသောက်၊ အမျိုးသမီးအချို့က လက်ဖက်သုပ်စားသူစားနှင့် ရှိနေကြပါတယ်။

ဖြူစင်မွေးတစ်ယောက်လည်း အင်တာဗျူးတဲ့ ဒစ်ဂျစ်တယ်ကက်ဆက်ထဲက အသံတွေကို အချောပြန်ကူးတာ ခေါင်းနည်းနည်းနောက်လာသို့ စာရေးစားပွဲခုံကထပြီး ကွန်ပျူတာစာစီစာရိုက်တဲ့ ကောင်မလေးတွေ လက်ဖက်သုပ်စားနေတဲ့နေရာကို ထွက်လာပါတယ်။

အဲဒီ လက်ဖက်သုပ်စားနေတဲ့ စားပွဲဝိုင်းမှာ သူမထက်စောင် မြတ်နိုးက ရောက်လို့နေပါတယ်။ လက်ဖက်သုပ်စားလိုက် စကားတို ဟောင်ဖွာဟောင်ဖွာပြောလိုက်နဲ့ တော်တော့်ကို သဘောတွေ့၊ မနေ့ာတွေ့ အမူအရာမျိုးနဲ့ပါ။

"ဘယ်လိုလဲ ဖြူစင်မွေး . . . အင်တာဗျူးတွေ တော်တော်ပြီး သွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ချို့ဖြေထားတာတွေက ရှည်တော့ ဖြတ်ပစ်ရတာတွေတော့ ရှိတယ်"

"ကျွန်တော်လည်း မဂ္ဂဇင်းဖေါင်ပိတ်မီအောင် ဖျူထားတဲ့ဟာတွေ ပြီးအောင် အချောရေးနေရတာ ပြီးတော့မယ်"

ဖြူစင်မွေးက ကွန်ပျူတာစာစီစာရိုက်တဲ့ ကောင်မလေးနားက လွတ်နေတဲ့ စားပွဲခုံမှာ ဝင်ထိုင်လိုက်ပြီး လက်ဖက်သုတ်တစ်ပွန်း ခပ်စား လိုက်ပါတယ်။

"ဟဲ့ . . . သဲစု၊ နင့်ရဲ့အစ်မ အထူးကုဆေးရုံမှာမွေးတာ ဆယ် သိန်းလောက် ကုန်တယ်ဆို၊ ငါတောင် ယောက်ျားယူပြီး ကလေးမွေးရမှာ လန့်လာပြီ၊ ငါတို့လက်ထက်ကျရင် ဘယ်လောက်များကုန်မလဲ မသိဘူး"

ကွန်ပျူတာစာရိုက်တဲ့ ကောင်မလေးက သဲစုဆိုတဲ့ ကောင်မလေး ကို မေးလိုက်ပါတယ်။

"ဒါများ နင်တို့ကလည်း ဘာဆန်းလဲဟ၊ ပိုက်ဆံရှိတဲ့သူက အထူးကုဆေးရုံမှာ မွေးတယ်၊ ပိုက်ဆံမရှိတဲ့သူက ဆေးရုံမှာ မွေးတယ်၊ ယောက်ျားယူရင်တော့ ကလေးမွေးရမှာပဲ၊ ကြောက်နေရင် ယူမနေနဲ့တော့"

"ကိုမြတ်နိုးကလည်း ထော်လော်ကန့်လန့်ပြောပြီ"

"ဟ . . . ငါပြောတာ မဟုတ်တာကျနေတာပဲ"

လက်ဖက်သုတ်စားနေတဲ့ ဖြူစင်မွေးတစ်ယောက် မြတ်နိုးကို ကြည့်ပြီး နည်းနည်းဒေါသထွက်ချင်သလို ဖြစ်သွားပါတယ်။ ကိုယ်နဲ့မဆိုင် တဲ့ ကိစ္စကိုဝင်ပြီး ဆန့်ကျင်ဘက်လျှောက်ပြောလို့ပါ။

"သူများကိုချည်း ပြောမနေနဲ့၊ ကိုမြတ်နိုးလည်း တစ်နေ့ကျရင် မိန်းမယူပြီး ကိုမြတ်နိုးရဲ့မိန်းမက ကလေးမွေးဦးမှာ၊ ဒီတော့ အခုက တည်းက ပိုက်ဆံစုထားပေတော့"





ကွန်ပျူတာစာရိုက်တဲ့ ကောင်မလေးက မြတ်နိုးကို ပြန်ဝေဖန် ပါတယ်။

"လက်ထပ်တယ်ဆိုတာ နင်တို့က ကလေးကစားသလို ကစား လို့ရတယ်လို့ ထင်နေသလား၊ မတူညီတဲ့ လူ့အဖွဲ့အစည်းနှစ်ခု ခေါင်းချင်း ဆိုင်တိုက်ကြတာ၊ ခေါင်းနာချင်တဲ့ သူတွေသာ လက်ထပ်တာ၊ ငါတော့ ခေါင်းအနာမခံနိုင်ပါဘူး"

"အဲဒီလို ခေါင်းနာချင်လို့ပဲ ကိုမြတ်နိုးတို့လို ဘုရားဆုပန်ယောက်ျား သားတွေက ကျွန်မတို့ မိန်းမသားတွေဆီက အချစ်ကို မရမက တောင်းခံ နေတာ မဟုတ်လား"

ကွန်ပျူတာစာရိုက် ကောင်မလေးက ခေသူမဟုတ်။ ယောက်ျား ပီသတန်မယ့် ဆန့်ကျင်ဖက် ကန့်လန့်တိုက်ပြီး ပြောနေတဲ့ မြတ်နိုးကို ပြန် ချေပခုခံချေပပါတယ်။

"ဒါက ခပ်ညံ့ညံ့ယောက်ျားသားတွေ လုပ်တာပဲဟ၊ ငါတို့ကတော့ မတောင်းတယ်၊ အချစ်ကို မတောင်းခံဘူး၊ ကိုယ့်ဆီဝင်လာမယ့် အချစ်ကိုပဲ ရွေးချယ်မယ်၊ အသာလေးကြိုက်ရာရွေး ကောင်စားရုံပဲ"

တကယ့်ကို မုန်းဖို့ကောင်းတဲ့ မြတ်နိုး။ ယောက်ျားတန်မယ့် စကား ကို မရမက အနိုင်ပြောနေလိုက်တာ။

"ဟုတ်ပါပြီ . . . ကျွန်မနဲ့အပြိုင် စကားကို နိုင်အောင်လုပ်ပြော တဲ့ ကိုမြတ်နိုးကို မပြောတော့ပါဘူး၊ ကျွန်မတို့ မိန်းမသားတွေက အရှုံး ပေးပါတယ်"

"ဟဲ့ . . . ငါက အနိုင်လိုချင်လို့ ပြောတာမဟုတ်ဘူး၊ တကယ့် အမြင်ဖြစ်မှန်ကို ပြောပြတာ . . . ဟဲ . . . ဟဲ . . . ဟဲ"

မြတ်နိုးက သူ့စကားသူ သဘောကျရင်း ရယ်လို့နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



မြူစင်မွှေးကတော့ သူမမုန်းတဲ့ အချက်(၁၀)ချက်ထဲမှာ ဒီနေ့ဖြစ်ပျက်တဲ့ အကြောင်းအရာ စကားကိုဆန့်ကျင်ဘက်အနိုင်ရအောင် ပြောတတ်တဲ့ စရိုက်ရှိနေတဲ့အတွက် သူမမုန်းမိတာ မြတ်နိုးကို အချက်(၇)ချက် ရှိသွားပြီဆိုတာပါပဲ။

ရှေ့လျှောက် ဘာတွေဘယ်လို ဆက်ဖြစ်လေဦးမလဲ မသိပါ။

❑ ❑ ❑



သွားလေရာမှာ

အရှုပ်တွေရှာ

ဘယ်လိုဝင့်ကြွားတွေကြောင့်ပါလဲကွယ် !!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ဒီတစ်ခါလည်း ဘာများထပ်ကြုံရလေဦးမလဲ မသိပါ။ မင်္ဂလာဒင်း ဖေါင်ပိတ်ခါနီးမှ ဖြူစင်မွှေးနဲ့မြတ်နိုး တာဝန်ယူထားရတဲ့ ကဏ္ဍက စာမူ တစ်ပုဒ်စာလိုနေတော့ တစ်ခါက မိတ်ကပ်ဖန်တီးရှင်ရိုစီခင်ခင်ကို အင် တာဗျူးမလုပ်ခဲ့မိလေတော့ မိတ်ကပ်ဖန်တီးရှင်တစ်ယောက် ဖြတ်သန်း လာတဲ့ ဘဝခရီးကို ပြန်အင်တာဗျူးဖို့ ဆုံးဖြတ်ချက်ချလိုက်ပါတယ်။

ဒါနဲ့ ရိုစီခင်ခင်ကို ဖုန်းဆက်တော့ မျှော်စင်ကျွန်းက ဗွီဒီယိုရိုက် ကွင်းမှာ ရောက်နေပါတယ်။ အဲဒီမှာ စူပါမင်းသမီးကို မိတ်ကပ်ပြင်ပေး နေရလို့ ရိုက်ကွင်းကို လာခဲ့ပါဆိုလို့ ရိုစီခင်ခင်ရှိတဲ့ မျှော်စင်ကျွန်းကို ထွက်လာခဲ့ပါတယ်။ ဇာတ်ကားက မင်းသမီးအငယ်တစ်လက်လည်း ပါ ပါတယ်။ သရုပ်ဆောင်မင်းသားကလည်း နာမည်ကြီးပါပဲ။

“ဘုရားသိကြားမလို့ ဒီတစ်ခါတော့ အရင်တစ်ခါလို မကြုံပါရ စေနဲ့”



www.burmeseclassic.com

www.burmeseclassic.com



“ဩော် . . . ရှင်က ဒါမျိုးကျတော့လည်း ကြောက်တတ်ပါလား”

ဖြူစင်မွှေးက မြတ်နိုးစကားကို ပြန်ခနဲ့လိုက်ပါတယ်။

“ကြောက်လို့ မဟုတ်ဘူးဗျ၊ ယောကျ်ားမကျ မိန်းမ,မကျ တစ်ဝက်စီရှိတဲ့ လူတွေနဲ့ဆက်ဆံရတာ အလုပ်လုပ်ရတာ လွယ်တာမှတ်လို့”

“အင်း . . . ဘုရားသခင်ကလည်း အလှဖန်တီးရှင်ဆို မာမီတွေ ပြင်မှ လှတာ၊ ဖက်ရှင်ဒီဇိုင်းတွေဆိုလည်း မာမီတွေမှ နာမည်ကြီးအောင် ဝတ်စုံတွေ စီစဉ်နိုင်တာ စသဖြင့် အဲဒီလိုဖြစ်အောင် ဖန်တီးပေးလိုက်တာလား မသိဘူး”

“မဟုတ်သေးဘူး ဖြူစင်မွှေးရ၊ သူတို့က မိန်းမလျှာစိတ်ပေါက်တော့ နည်းနည်းသိမ်ငယ်စိတ်ရှိတယ်၊ အဲဒီသိမ်ငယ်စိတ်ကို ကြိုးစားမှုတွေနဲ့ ဖြေဖျောက်ပစ်တယ်၊ လေ့လာတယ်၊ သူတို့ဖန်တီးတဲ့ အရာတွေကို ယောကျ်ားနေရာကရော မိန်းမနေရာကပါ ထောင့်စုံကြည့်တယ်၊ အမျိုးသမီးအလှဖန်တီးရှင်တွေကျတော့ မိန်းမအမြင် ထောင့်တစ်ထောင့်ကိုပဲ မြင်တယ်၊ အဲဒီနေရာမှာ ကွာသွားတာပဲ”

“ရှင်ရှင်းပြတော့လည်း ဟုတ်နေတာပဲ၊ ဟိုမှာ ရိုက်ကွင်းထင်တယ်၊ အဲဒီမှာ ရိုစီခင်ခင်ရှိလိမ့်မယ်”

ဖြူစင်မွှေးက ဗွီဒီယိုရိုက်ကွင်းရှိတဲ့နေရာကို လက်ညှိုးထိုးပြလို့ ရိုက်ကွင်းရှိတဲ့နေရာဆီ သွားလိုက်ပါတယ်။ ရိုက်ကွင်းကိုရောက်တော့ မင်းသမီးနှစ်ယောက်ကို ဒါရိုက်တာက စကားလုံးတွေ ချပေးနေပါတယ်။

ရိုစီခင်ခင်ကတော့ စားပွဲဝိုင်းအလွတ်တစ်လုံးမှာ ထိုင်နေပါတယ်။ စားပွဲခုံပေါ်မှာလည်း မိတ်ကပ်ပစ္စည်းတွေ တင်ထားပါတယ်။

“မာမီ . . .”

“ဟယ် . . . သမီးလာထိုင်၊ သား . . . သငယ်လေး လာထိုင်”





ဖြူစင်မွှေးက စားပွဲဝိုင်းနားရောက်တော့ ရိုစီခင်ခင်ကို လှမ်းအခေါ် ရိုစီခင်ခင်က ဖြူစင်မွှေးကို ထိုင်ခိုင်းရင်းက မြတ်နိုးကို ချစ်ရည်ရွှန်းလဲ့တဲ့ ပုံစံမျိုးနဲ့ကြည့်ရင်း ထိုင်ခိုင်းလို့ မြတ်နိုးခမျာ ထိုင်ရင်းက ကြက်သီးတွေဘာတွေ ထသွားပါတယ်။ ဖြူစင်မွှေးပတ်ဝန်းကျင်ကို အကဲခတ်တော့ တစ်ဖက်စားပွဲဝိုင်းမှာ အသက်သုံးဆယ်လောက်ရှိမယ့် အလှဖန်တီးရှင် မာမီတစ်ဦးက ထိုင်နေပါတယ်။ သေချာပါတယ်။ အဲဒီအလှဖန်တီးရှင်ဟာ မင်းသမီးငယ်ရဲ့မာမီ ဖြစ်လိမ့်မယ်လို့။

“ဟိုတစ်ခါ သမီးတို့ ဗျူးဖို့လာတုန်းက မဗျူးဖြစ်ခဲ့တာ မာမီဖြင့် စိတ်တောင်မကောင်းဘူး၊ ကဲ . . . အခုမာမီကို ဘာဗျူးမှာလဲ ဗျူးလေ”

“ဒီလိုပါ မာမီ၊ မာမီရဲ့အလှဖန်တီးရှင်အဖြစ် ဖြတ်သန်းလာခဲ့ရတဲ့ ဘဝအကြောင်းကို မေးချင်လို့ပါ”

“အို . . . ဒါလား သမီးရယ်၊ မာမီကလည်း ဖြေချင်နေတာနဲ့ အတော်ပဲ၊ ဓါတ်ပုံမရိုက်နဲ့ မာမီရိုက်ထားတဲ့ အလှဓါတ်ပုံတွေ ရှိတယ်၊ စီဒီနဲ့ကူးပြီး မာမီပို့လိုက်မယ်၊ နေဦး . . . သမီးနဲ့ ဒီသူငယ်လေး ဘာသောက်မလဲပြော၊ မာမ့်ကို ဒီနေ့ကံကောင်းလို့ ဗျူးရတာ၊ နောက်ရက်တွေဆို မာမီမအားတော့ဘူး၊ ဒီနေ့တောင် မင်းသမီးက တပည့်မထည့်ပါနဲ့ မာမီကိုယ်တိုင် မိတ်ကပ်လူးပါဆိုလို့ ရောက်လာရတာ၊ နောက်ဆို တွေ့ဖို့မလွယ်ဘူး”

အလှဖန်တီးရှင်ရိုစီခင်ခင်က စကားကို ချွဲချွဲပစ်ပစ်လေသံနဲ့ ရေပက်မဝင် အသက်တောင်မရှူဖူးလားမသိ ပြောလိုက်ပါတယ်။

ဒါကို တစ်ဖက်စားပွဲဝိုင်းမှာရှိတဲ့ အလှဖန်တီးရှင်မလေးတစ်ဦး ခင်ခင်ပြောနေတာတွေကို ကြားနေရလို့လား မသိပါ။ မသိမသာ မျက်စောင်းလှမ်းထိုးတာကို မြတ်နိုးသတိထားမိသွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အချိန်ရတုန်းလေး မေးတော့ သမီးရေ"

ဖြူစင်မွေးက ဒစ်ဂျစ်တယ်အသံဖမ်းကတ်ဆက်ခလုတ်ကို ဖွင့်လိုက်ပါတယ်။

"မာမီ့အနေနဲ့ ပထမဦးဆုံး ဒီအလှပြင်လမ်းကြောင်းပေါ်ကို ရောက်ဖို့ ဘယ်လိုလောကဓံ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရသလဲ"

"အို . . . လူတကာက စော်တကား၊ မော်တကား သရော်တာ ရော ခြေထိုးခံတာတွေပါ ခံခဲ့ရတာ၊ ဒါတွေကို ပြန်စဉ်းစားရင် မာမီရဲ့ နှလုံးသားကို အပ်နဲ့ထိုးဆွသလိုမျိုးကို ခံစားရတာ"

အလှဖန်တီးရှင် ရှိုစီခင်ခင်တစ်ယောက် အင်တာဗျူးဖြေနေရင်းက အတိတ်ကို ပြန်လည်လွမ်းဆွတ်သွားပုံ ထင်ရပါတယ်။ မျက်နှာမှာ နာကျည်းဝမ်းနည်းမှု အရိပ်အရောင်တွေ တွေ့နေရပါတယ်။

"ဟွင်း . . . လူတွေများ ပြောပြောချင်ဘူး၊ နာမည်ကြီးတဲ့လူတွေ နောက်ပဲ လိုက်နေကြတယ်၊ ကျန်တဲ့လူတွေများ ရှိတယ်လို့တောင် ထင် နေသလား မသိဘူး၊ နာမည်ကြီးတွေနဲ့မှပဲ လုပ်စားတတ်သလား မသိဘူး"

တစ်ဖက်စားပွဲဝိုင်းမှာ ထိုင်နေတဲ့ အလှဖန်တီးရှင်မလေးတ မကြားတကြား စောင်းပါးရိပ်ခြည်ပြောတာကို ရှိုစီခင်ခင်က ကြားသွား ပါတယ်။

"သမီး . . . ကတ်ဆက်ခဏပိတ်လိုက်ဦး"

ရှိုစီခင်ခင်က စားပွဲဝိုင်းကနေထပြီး ဟိုဘက်စားပွဲဝိုင်းရှိရာ သွား ပါတယ်။ ပွဲကတော့ ကြမ်းတော့မယ်လို့ မြတ်နိုးယူဆလိုက်ပါတယ်။ ရိုက် ကွင်းပေါ်မှာလည်း မင်းသမီးနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက် ရန်တွေ့နေကြတဲ့အခန်းကို သရုပ်ဆောင်နေပါတယ်။

"ဟဲ့ . . . ညည်းဘာစကားနဲ့ ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောတာ





လဲ"

"ဒီမှာ မာမီ . . . ဘယ်သူ့ကို ရည်ရွယ်ပြီး ပြောတယ်ထင်သလဲ၊ နှစ်လေ့ဖြစ်ထရှိတဲ့ သဘာဝကျတဲ့အကြောင်းကို ပြောနေတာ"

"ဒီမှာ ညည်း . . . လေသိပ်မပွနဲ့၊ ပြောချင်ရင် တည့်တည့်ပြော၊ နေ့တစ်နေ့ကမှ မင်းသမီးနောက်လိုက် မိတ်ကပ်ပြင်တဲ့လူဖြစ်လာပြီး ခွာရာချင်း လာမနိုင်းနဲ့၊ ရှိုစီခင်ခင်တဲ့ မှတ်ထား"

ဖြူစင်မွေး တော်တော်စိတ်ညစ်သွားပါတယ်။ အလှဖန်တီးရှင် နှစ်ယောက် ရန်ဖြစ်နေတာ တကယ့်မိန်းမကြီးတွေ ရန်တွေ့နေတဲ့အတိုင်း ပါပဲ။

"ကိုယ်က သမ္မာရှိတယ်ဆိုပြီး များကို စကားလုံးတွေနဲ့ မတိုက် ခိုက်ပါနဲ့၊ အလှဖန်တီးရှင်ဘဝတူချင်း စာနာစိတ်ထားပါ"

"ဟဲ့ . . . ငါက စာနာစိတ်ထားပြီးသား၊ နင်ကသာ မနာလိုဖြစ် ပြီး မကြားတကြား ငါ့ကိုစော်ကားတာ၊ ဒီမှာ ညည်းမှတ်ထား၊ လူရာဝင် ချင်ရင် ငါ့လိုဖြစ်အောင်လုပ်၊ ရှိုစီခင်ခင်ကို စကားလုံးနဲ့ လာမတင်စီးနဲ့၊ ညည်း . . . ဒီအလှဖန်တီးရှင်လောက,ကနေ စွန့်ခွာသွားရမယ်"

အလှဖန်တီးရှင်နှစ်ယောက် စကားများရန်ဖြစ်တဲ့ လေသံက ကျယ်လို့လား မသိ၊ ရိုက်ကွင်းဖက်က လူတွေကတောင် လှမ်းကြည့်နေ ပါတယ်။

"ကဲပါ . . . မာမီတို့ရယ်၊ တော်ပါတော့၊ လူတွေ ဝိုင်းကြည့်နေ တာ ရှက်စရာကြီး . . . လာပါ"

"ဟွင်း . . . ဒီက သူငယ်လေး လာတားလို့ ငါခွင့်လွှတ်လိုက် တယ်"

မြတ်နိုးက ရှိုစီခင်ခင်ကို လက်ဆွဲပြီး ဒီဘက်စားပွဲဝိုင်းတို ပြန်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်လာပါတယ်။

"သမီးရယ် . . . ဒီနေ့တော့ မာမီဆက်မဖျူးချင်တော့ဘူး၊ ဖြို ဆိုးဝင်သွားပြီ၊ သမီးနောက်နေ့ ဖုန်းဆက်လိုက်၊ သမီးမအားလည်း သူငယ် လေးက ဆက်နော်"

"ရတယ် . . . မာမီ၊ ကျွန်မတို့ ဒီလမမီလည်း နောက်လမှ အစီအစဉ်ထည့်မယ်၊ သွားမယ်နော် . . . မာမီ"

"အေး . . . အေး . . . ဟဲ့ . . . သူငယ် . . . ဖုန်းဆက်ဖြစ် အောင် ဆက်နော်"

ပြန်ခါနီး လှည့်အထွက်မှာ စောစောတုန်းက ရန်ဖြစ်တဲ့ချက်နှာ အမူအရာမျိုးမဟုတ်ဘဲ ပြုံးရွှင်တဲ့ အမူအရာမျိုးနဲ့ ရှိစီခင်ခင်က ပြော လိုက်လို့ မြတ်နိုးကော ဖြူစင်မွေးပါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး ပြုံးမိပါတယ်။

"အဲဒီနှစ်ယောက် ဘာတွေဆက်ဖြစ်ကြမလဲ မသိဘူး၊ ကျွန်မတို့ နှစ်ယောက်ကလည်း ရှိစီခင်ခင်နဲ့မှ ကံစပ်လေရဲ့၊ ရှင်က ပိုကံစပ်တယ် နော်"

"ဟာဗျာ . . . ခင်ဗျားကလည်း . . ."

ဖြူစင်မွေးစကားကြောင့် မြတ်နိုးတစ်ယောက် ရှက်သလို ဖြစ် သွားတာ မြင်ရခဲ့လိုက်တာလို့ . . .။

❑ ❑ ❑



အချစ်ဆိုတာ
သေရိုးထုံးစံရှိသလား၊
စေတ်အဆက်ဆက် ရှင်သန်နေတာပဲလေ၊

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)

"နင်အခုတလော အလုပ်ရှုပ်နေတာ လုံးချင်းဝတ္ထုလည်း မရေးနိုင်၊ ပြီးတော့ အချစ်ကိုကော ရှာဖွေလို့ တွေ့ပြီလား"

ကိုရီးယားဇာတ်လမ်းတွဲကားကို ကြည့်နေရင်း မထင်မှတ်ဘဲ ခင်ရတနာက ကောက်ခါငင်ကာနဲ့ ဖြူစင်မွေးကို မေးလိုက်ပါတယ်။

"အချစ်ရှာဖို့နေနေသာသာ ငါ့မှာ ငါတာဝန်ယူထားတဲ့ ကဏ္ဍကို ပရိသတ်ကြိုက်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကို စဉ်းစားရ၊ [illegible] ရေးရနဲ့ အဲဒီအချစ်ဆိုတာချည်းက ဘယ်ရောက်နေမှန်းတောင် မသိဘူး"

"နင့်ပြောပုံအရဆိုရင် နင်နဲ့အတူတူ တွဲလုပ်တဲ့ မြတ်နိုးက ဘာမှ မလုပ်ဖူးလား"

"သူလည်း သူတာဝန်ယူထားတဲ့ ကဏ္ဍတွေ လုပ်ရသေးတယ်လေ၊ အမယ်လေး . . . မပြောချင်ပါဘူးဟာ၊ သူနဲ့ ငါနဲ့ အတူတွဲပြီး အင်တာဗျူးလုပ်တဲ့အခါ ရန်ဖြစ်တာတွေ ကြုံရ၊ သူနဲ့ ငါနဲ့ စကားများတာ

www.burmeseclassic.com



တွေ့ ကြုံရန် . . . . × × × × × × × ”

ဖြူစင်မွေးက ဖြစ်ကြောင်းကုန်စင်ကို ခင်ရတနာအား ကိုရိုးယားဇာတ်လမ်းတွဲကိုပင် မကြည့်နိုင်ဘဲ ရှင်းပြပါတော့တယ်။

“ငါတစ်ခုအကြံပေးမယ် ဖြူစင်မွေး၊ နင်နဲ့ မြတ်နိုးနဲ့က အလုပ်ချင်းလည်း တူတယ်၊ အခုဆို တစ်ယောက်စိတ်နေသဘောထား တစ်ယောက်သိပြီဆိုတော့ နင်အချစ်ရှာမယ်ဆို သူဟာ အသင့်တော်ဆုံးပဲ”

ဖြူစင်မွေးက လက်ခါပြရင်းမှ . . .

“Oh! No, No . . . မလုပ်ပါနဲ့၊ သူ့မှာ တော်တဲ့အရည်အချင်းအချို့ရှိသလို ငါမနှစ်မြို့တဲ့ အချက်တွေကလည်း တော်တော်များများရှိနေတယ်၊ မဖြစ်ပါဘူး . . . သူ့ဖက်က ငါ့ကို ချစ်မြတ်နိုးကြောင်း စကားမဟသလို ငါကလည်း ငါ့ဖက်က စကားဟမှာ မဟုတ်ဘူး၊ စိတ်ချ . . . ငါ့အတွက် အချစ်သစ်ပင်ဟာ တစ်နေရာမှာတော့ ပေါက်ရောက်နေမှာပါ”

ဖြူစင်မွေးက ဘာစကားမှမဆိုဘဲ ကိုရီးယားဇာတ်လမ်းတွဲကို ကြည့်လိုက်မိပါတယ်။ မင်းသားနဲ့မင်းသမီး ချစ်သူနှစ်ဦး စူပါမားကတ်ကြီးမှာ ဈေးဝယ်နေတဲ့ပြကွက်ကို ရောက်လို့နေတာ တွေ့ရပါတယ်။

❑





မဂ္ဂဇင်းတိုက်ထဲက ဖြူစင်မွေးရဲ့ စာရေးစားပွဲခုံဘေးက အမှိုက်ခြင်းထဲမှာ မြင်လိုက်ရတဲ့ အရာတွေကြောင့် ဖြူစင်မွေးစိတ်ညစ်သွားပါတယ်။

“မိဝိုင်း . . . ဒီအမှိုက်ခြင်းထဲ ဘယ်သူက ကွမ်းတံထွေးတွေ ထွေးသွားတာလဲ”

စလင်းဘတ်အိတ်ကို စားပွဲခုံပေါ် ပစ်ချလိုက်ပြီး မဂ္ဂဇင်းတိုက်မှာ သန့်ရှင်းရေးလုပ်တဲ့ မိဝိုင်းကို မေးလိုက်ပါတယ်။

“စောစောတုန်းကတော့ ကိုမြတ်နိုးတစ်ယောက် ဟောဟိုက စာအုပ်စင်မှာ စာအုပ်လာရှာနေတာ တွေ့တာပဲ၊ သူ့ပါးစပ်ထဲ ကွမ်းဝါးနေတာတော့ တွေ့တယ်”

မိဝိုင်းစကားကြောင့် ဖြူစင်မွေးဒေါသထွက်သွားပါတယ်။ မြတ်[illegible] ကွမ်းစားတာ တစ်ခါဖူးမှ မကြုံဖူးတာ အခုမှ ဘာစိတ်ကူး[illegible]ပြီး ကွမ်းစားရသလဲမသိ။ သင်းတော့ တွေ့ပြီလို့။



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးရှိတဲ့ အခန်းဆီကို ဖြူစင်မွေး ထွက်လာခဲ့ပါတယ်။ မြတ်နိုးက ပါးစပ်မှာ ကွမ်းဝါးရင်း စာရေးနေပါတယ်။ စားပွဲခုံပေါ်မှာ ကွမ်းထုပ်တစ်ထုပ်ကိုလည်း တင်ထားပါတယ်။

"ဒီမှာ ရှင် . . . စောစောက ကျွန်မရဲ့အခန်းက အမှိုက်ခြင်းမှာ ကွမ်းတံထွေးတွေ ထွေးသွားတယ် မဟုတ်လား"

"ဟုတ်တယ်လေ . . . စာအုပ်ရှာရင်း အမှိုက်ခြင်းမှာ ကွမ်းထွေးတာပဲ ကြမ်းပြင်ပေါ် ထွေးတာမှ မဟုတ်တာ"

မြတ်နိုးက ပြောရင်းဆိုရင်း ကွမ်းထုပ်ထဲက ကွမ်းတစ်ယာကို ယူပြီး ပါးစပ်ထဲ ပစ်ထည့်လိုက်ပါတယ်။

"ကွမ်းထွေးချင်ရင် ကိုယ့်အမှိုက်ခြင်းမှာ ကိုယ်ထွေးပေါ့၊ ဘယ့်နှယ် သူများအမှိုက်ခြင်းမှာ လာထွေးရတာလဲ၊ ကျွန်မရွံတယ်၊ အလကားအရည်မရ အဖတ်မရဟာတွေ ရှင်တို့မိုလို့စားတယ်၊ ကျွန်မသာ ကျန်းမာရေးဝန်ကြီးဖြစ်ကြည့်၊ ကွမ်းဆိုင်တွေ အကုန်ပိတ်ပစ်မယ်"

"ဒါဆိုရင်တော့ ခင်ဗျားမှားသွားပြီ ဖြူစင်မွေး၊ ကွမ်းစားတယ်ဆိုတာ မြန်မာ့ယဉ်ကျေးမှုပဲ၊ ခင်ဗျားတားလို့ ရမှာမဟုတ်ဘူး"

"ရှင့်ကို ကျွန်မလာတွေ့တာ ကွမ်းအကြောင်း သုတေသနလုပ်ဖို့ မဟုတ်ဘူး၊ နောက်ကို ကွမ်းထွေးချင်ရင် ကိုယ့်အမှိုက်ခြင်းမှာ ကိုယ်ထွေးပါ။ ဒါနဲ့ ရှင်အရင်က ကွမ်းမစားပါဘူး"

"စားတာပေါ့ဗျ၊ ကွမ်းဖြတ်ထားတာ သုံးနှစ်ရှိပြီ၊ ဆေးလိပ်လည်း မသောက်တော့ ပျင်းတာနဲ့ ပြန်စားတာ၊ ကွမ်းလေးဝါးလိုက်၊ တွေးပြီး စာလေးရေးလိုက်နဲ့၊ ဘယ်လောက်ဇိမ်ရှိတယ် မှတ်လဲ၊ စားကြည့်ပါလား မိန်းကလေးတစ်ချို့လည်း ကွမ်းစားကြတာပဲဟာ"

အရေးထဲ ကွမ်းစားဖို့ တိုက်တွန်းဆွဲဆောင်နေသဖြင့် ဖြူစင်မွေး





တာ ဒေါသထွက်ရဲ့သာမက မြတ်နိုးက ကွမ်းတံထွေးကို အမှိုက်ခြင်းထဲသို့ ထွေးလိုက်သဖြင့် စိတ်လည်း ပျက်မိသွားပါတယ်။

"ရှင့်ကို တစ်ခုကြိုတင်သတိပေးရမယ်၊ နောက်တစ်ခါ ကျွန်မနဲ့ အတူ အလုပ်တွဲလုပ်တဲ့အခါ ဘယ်တော့မှ ကွမ်းမစားပါနဲ့၊ ကွမ်းစားရင် ကျွန်မနဲ့ မလိုက်ခဲ့နဲ့ . . . ဒါပဲ"

"ဟာ . . . ခင်ဗျားက အမိန့်ပေးလှချည်လား"

အခန်းထဲကနေ ခြေသံခပ်ပြင်းပြင်းနဲ့ ထွက်သွားတဲ့ ဖြူစင်မွေးကိုကြည့်နေရင်း မြတ်နိုးက မှတ်ချက်ချလိုက်တယ်။

ဖြူစင်မွေးကတော့ သူမမုန်းတဲ့ အချက်(၁၀)ချက်ထဲမှာ ကွမ်းစားတာကို လုံးဝမကြိုက်တဲ့အချက်က သူမအဖို့ မြတ်နိုးကိုမုန်းဖို့ အချက်(၈)ချက်တောင် ရှိလာပါပြီလားလို့ စဉ်းစားနေမိပါတယ်။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

မုန်းစရာကောင်းတဲ့

အချက်တွေထဲမှာ

နောက်ဆက်တွဲတွေက

ဇာတ်လမ်းတွဲတွေအတိုင်း

ဆက်တိုက်ဆက်တိုက်ပါလားကွယ်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

လက်မှာပတ်ထားတဲ့ နာရီကိုကြည့်လိုက်တော့ မနက်(၁၀)နာရီ ထိုးတော့မယ်။ မြတ်နိုးက ခုထက်ထိ ရောက်မလာသေးပါ။ ဖြူစင်မွှေး နည်းနည်းတော့ ဒေါသထွက်ချင်နေပြီ။

ဘယ့်နှယ် . . . ဒီနေ့အောင်မြင်ကျော်ကြားနေတဲ့ ပိုးထည်တိုက် ပိုင်ရှင်ဇနီးမောင်နှံနဲ့ "အချစ်နှင့်တည်ဆောက်တဲ့ နန်းတော်" ကဏ္ဍအတွက် မနက်ဆယ်နာရီခွဲအရောက် သွားရမှာ။ ဟိုဘက်က အချိန်တိကျတဲ့ သူ တွေဆိုတော့ ကိုယ့်ဖက်က နောက်ကျရင် အထင်သေးစရာ ဖြစ်ကုန်မှာ စိုးလို့။

အခုလည်း မဂ္ဂဇင်းတိုက်မှာ နောက်ထပ်ငါးမိနစ်စောင့်လို့မှ မလာရင် ကိုယ့်ဖာသာကိုယ် တစ်ယောက်တည်း သွားတော့မယ်လို့ ဆုံး ဖြတ်လိုက်တယ်။

"Sorry ဖြူစင်မွှေးရေ . . . လိုင်းကားစီးလာရတော့ နည်းနည်း



www.burmeseclassic.com

www.burmeseclassic.com



နောက်ကျသွားတယ်"

မဂ္ဂလင်းတိုက်ရုံးခန်းထဲကို အမောတကော ပြေးဝင်လာရင်းက မြတ်နိုးက သူနောက်ကျတဲ့အကြောင်းကို ရှင်းပြပါတယ်။

"အိမ်က စောစောကြီးထွက်ပေါ့၊ ဟိုဘက်က အချိန်ကို တိကျမှ ကြိုက်တာ"

ဖြူစင်မွေးက 'ဘုတော' လိုက်တော့ . . .

"ကားငှားသွားမှာပဲဗျာ၊ သတ်မှတ်ချိန်တိုင်း ရောက်ပါတယ်၊ ဒီမြို့ ထဲပဲဟာ"

ဖြူစင်မွေးက မြတ်နိုးစကားကို နားထောင်နေရင်း မြတ်နိုးဝတ်ပုံ စားပုံကိုကြည့်တော့ ဒီနေ့တော့ သန့်ပြန့်နေပါလားလို့၊ တကယ့်လူတွေနဲ့ တွေ့ရမှာဆိုတော့ အလုပ်တိုတော့ တန်ဖိုးထားသားပါလားလို့ စိတ်ထဲက နေ ချီးကျူးနေမိပါတယ်။

"ကဲ . . . ကင်မရာအိတ်ယူလိုက်ဦးမယ်၊ ပြီးရင် သွားကြတာ ပေါ့"

အဲဒီနောက်တော့ တက္ကစီငှားစီးပြီး ပိုးထည်တိုက်ကို ထွက်လာခဲ့ ပါတယ်။

တော်ပါသေးရဲ့။ အချိန်မီကွက်တိ ရောက်သွားလို့ပါ။

ပိုးထည်ပိုင်ရှင်ဇနီးမောင်နှံကလည်း လှလှပပ ဝတ်စားဆင်ယင် ပြီး အဆင်သင့်စောင့်နေပါတယ်။

အဲဒီမှာပဲ . . .

❑



"ဦးတို့ဇနီးမောင်နှံက ဘဝကို အောက်ခြေကနေ စခဲ့ရတာ၊ သူ များအလုပ်သမားဘဝကနေ ဒီဘဝရောက်အောင် ခရောင်းလမ်းတွေ၊ ဆူးခင်းလမ်းတွေ လျှောက်ခဲ့ရတာ"

"ဟုတ်တယ် . . . အန်တီတို့က သူများဆီက တစ်ဆင့်ယူဆိုင် ယက်ကလေး ဘဝကနေ ပုံစံမျိုးစုံအသစ်ထွင်ရင်း အခုလိုမျိုး နာမည်ရ လာခဲ့တာ"

ပိုးထည်တိုက်ပိုင်ရှင် ဇနီးမောင်နှံက သူတို့ဖြတ်သန်းလာခဲ့ရပုံကို ကြည်ကြည်နူးနူးနဲ့ ဖြူစင်မွေးမေးသမျှကို ပြန်ဖြေကြားပေးပါတယ်။

"ဦးတို့ဇနီးမောင်နှံနှစ်ဦးဟာ စပြီးချစ်ကြိုက်ခဲ့ကြတာ အလုပ် သမားဘဝမှာပဲလား"

မြတ်နိုးက ကြားဖြတ်မေးခွန်းတစ်ခုကို မေးပါတယ်။ ပြီးတော့ ညာဘက်လက်မ၊ လက်ညှိုးနှစ်ချောင်းနဲ့ မုတ်ဆိတ်မွေးတစ်ပင် ဆွဲနှုတ် လိုက်ပြီး အဲဒီမုတ်ဆိတ်မွေးကို မသိမသာ အောက်ချလွှင့်ပစ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီမြင်ကွင်းကို ပိုးထည်တိုက်ပိုင်ရှင်ဇနီးမောင်နှံက မြင်သလား၊ မမြ
သလားတော့ မသိ။ ဖြူစင်မွေးကတော့ အဲဒီမြင်ကွင်းကို မြင်လိုက်ရ
ရှက်ကလည်း ရှက်၊ ဒေါသလည်း ထွက်သွားပါတယ်။ ယောက်ျားသ
တော်တော်များများမှာ စရိုက်တစ်ခုရှိပါတယ်။ အဲဒီစရိုက်က လက်
နှုတ်ထားတဲ့ မုတ်ဆိတ်မွေးကိုကြည့်ပြီး နှာခေါင်းနဲ့နမ်းပြီး လွှင့်ပစ်တဲ့
စရိုက်ပါပဲ။ အဲဒါကို ဖြူစင်မွေးအမုန်းဆုံးပါပဲ။

"ဦးတို့က အလုပ်သမားဘဝမှာ တွေ့ခဲ့ကြတာ၊ သုညဘဝတွေ
ကနေ တန်ဖိုးတွေ ဖြစ်လာရတာ"

"ဒါကြောင့်လည်း ဦးနဲ့အန်တီတို့ အခုလို ပျော်ပျော်ရွှင်ရွှင် နေ
နိုင်တယ်လို့ ပြောရမှာပေ့ါ . . . ဟုတ်လား"

ဟော . . . မြတ်နိုးတစ်ယောက် မေးခွန်းမေးရင်းက မုတ်ဆိတ်
မွေးကို နှုတ်လိုက်ပြီး စောစောတုန်းကလိုပဲ လုပ်ပြန်ပြီ။ ဖြူစင်မွေးဆုံး
ဖြတ်လိုက်ပါတယ်။ ပိုးထည်တိုက်ပိုင်ရှင်ဇနီးမောင်နှံ အထင်မသေးစေဖို့
မြတ်နိုးရဲ့ပေါင်ကို လက်နဲ့ဆွဲဆိတ်လိုက်ပါတယ်။

မြတ်နိုးရဲ့ပါးစပ်က အသံမထွက်ရုံပါပဲ။ ဖြူစင်မွေးလက်နဲ့ ဆွဲ
ဆိတ်လိုက်တာက အတော်အားပါပါတယ်။ မြတ်နိုးကတော့ ဖြူစင်မွေး
ကို နားမလည်တဲ့ အကြည့်တွေနဲ့ ကြည့်နေပါတယ်။

အင်တာဗျူးပြီးလို့ အပြန်လမ်းမှာတော့ ဖြူစင်မွေးတစ်ယောက်
ပေါက်ကွဲပါတော့တယ်။

"ရှင့်ရဲ့အပြုအမူတွေက တရားလွန်လာပြီ၊ ဘေးနားက ပါလာ
တဲ့သူကို အားနာပါဦး"

"ကျွန်တော်က ဘာလုပ်လို့လဲ"

"ဘာလုပ်ရမှာလဲ၊ ရှင်မုတ်ဆိတ်မွေးနှုတ်ပြီး နှာခေါင်းနဲ့ ပြန်နမ်း





လေ၊ လူကြားထဲမှာ ဘယ်လောက်အောက်တန်းကျသလဲ၊ အဲဒါကြောင့်
ကို ဆွဲဆိတ်ပြီး သတိပေးလိုက်တာ"

"ခင်ဗျားတော်တော် လက်သံပြောင်တာပဲ၊ ဘာမှန်းမသိ ညာမှန်း
သိ ဖြစ်သွားတာ"

"တော်သေးတယ်၊ ဟိုပိုးထည်တိုက်ပိုင်ရှင် ဇနီးမောင်နှံက သူတို့
ကြောင်းထဲ စိတ်ပါဝင်စားပြောနေလို့၊ နို့မို့ဆို အရှက်ကွဲပြီ၊ ရှင့်ကို
နမနောက်ဆုံးပြောမယ်"

"ရှင် . . . ဒီလိုအပြုအမူမျိုး ဆက်လုပ်မယ်ဆို အယ်ဒီတာချုပ်
သူကို ကျွန်မပြောမယ်၊ ရှင်နဲ့တွဲပြီး အလုပ်မလုပ်နိုင်ဖူးလို့"

"ဩော် . . . ခင်ဗျားက အကျပ်ကိုင်တာကိုး၊ လူတစ်ယောက်
ဆိုတာ ဖျောက်ရခက်တယ်ဗျ"

"ရှင့်မှာက တော်တော်များနေပြီ၊ ဒါပဲ . . . ရှင် ကျွန်မကို ကတိ
သလား"

"ပေးတယ်ဗျာ . . ."

မြတ်နိုးက မကျေမနပ်တဲ့ လေသံနဲ့ ပြောရင်းက ခေါင်းညိတ်ပြ
တ်ပါတယ်။

ဖြူစင်မွေးကတော့ အံ့အားသင့်နေမိပါတယ်။ ဘယ်လိုဖြစ်လို့
မမုန်းတီးနေတဲ့ အချက်တွေ ရှိနေရသလဲလို့။ အခုဆိုရင် သူမမုန်းတဲ့
ချက်က(၉)ချက်တောင် ရှိနေပါပြီ။

ဘုရား . . . ဘုရား!! ကျန်တဲ့တစ်ချက်များ ထပ်ရှိရင်တော့ . . .
စင်မွေး ဆက်မတွေးတော့ပါ။

❑ ❑ ❑



www.burmeseclassic.com

www.burmeseclassic.com

အချစ်သည်လှပါ၏၊

ဘဝသစ်သီးသည် ချိုမြိန်လှပါ၏၊

မယုံလျှင် ...

အချစ်သစ်ပင်က သစ်သီးကို

စူးစွတ်စားသုံးပါလော့ !!!

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

အခုတလောမှာ ဖြူစင်မွှေးတစ်ယောက် အိပ်ရေးတွေ အတော်ပျက်နေပါတယ်။ စာအုပ်တိုက်ကို ပေးရမယ့် လုံးချင်းဝတ္ထုက နောက်ကျနေလို့ ညလုံးပေါက် မနက်မိုးလင်းတဲ့အထိ ဆက်တိုက်ဆိုသလို ရေးလို့နေရပါတယ်။ အိပ်ရေးက မဝတဲ့ကြားထဲ မဂ္ဂဇင်းတိုက်မှာ ကိုယ်တာဝန်ယူထားတဲ့ ကဏ္ဍအတွက် အင်တာဗျူးတွေ သွားလုပ်ရပါသေးတယ်။ ပြီးတော့ အင်တာဗျူးထားတဲ့ အသံတွေကို ပြန်ကူးရ၊ အချောရေးရနဲ့ မနားရပါ။

ဒီနေ့လည်း အိပ်ရေးဝဝအိပ်လို့က မဖြစ်။ အင်တာဗျူးတစ်ခုချိန်းထားတာရှိလို့ ရေမြန်မြန်ချိုးပြီး ထွက်လာခဲ့ရပါတယ်။ လာသာလာရတယ်။ ခေါင်းက တော်တော်မူးနေပြီး မျက်နှာကလည်း မရွှင်ဖြစ်နေပါတယ်။

မြတ်နိုးနဲ့ ချိန်းထားတဲ့ လက်ဖက်ရည်ဆိုင်ကိုရောက်တော့ မြတ်နိုးက ထိုင်စောင့်နေတာကို တွေ့ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူစင်မွေး . . . နေမကောင်းဖူးလား၊ ခင်ဗျားရဲ့မျက်နှာကို ကြည့်ရတာ မလန်းဖူး၊ အရင်လို သွက်သွက်လက်လက်လည်း မရှိဘူး"

ရောက်ရောက်ချင်းဆိုသလို မြတ်နိုးက ဖြူစင်မွေးကို အကဲခတ်ရင်းက မေးလိုက်ပါတယ်။

"ညဖက် မိုးလင်းတဲ့အထိ စာရေးတာတွေက များတာရယ်၊ အိပ်ရေးမဝတာတွေကြောင့်လား မသိဘူး၊ အခု ဒီကိုလာတာတောင် ခေါင်းက မူးနေတာ၊ မနည်းလာရတာ"

"ဟာဗျာ . . . ဒါဆိုလည်း ကျွန်တော်တစ်ယောက်တည်း အဲဒီ အင်တာဗျူးကို သွားမယ်"

"ရှင်နဲ့ မရဘူး၊ ကျွန်မပါပါမှ ရမှာ"

"ဒါဆို ကျွန်တော်အကြံပေးမယ် . . . ဒီလိုလုပ်၊ အဲဒီအင်တာဗျူးကို မသွားခင် ဒီနားက နီးစပ်ရာဆေးခန်းကို ဝင်ပြမယ်၊ ခင်ဗျား ကြည့်ရတာ အားနည်းနေပုံရတယ်၊ ပြီးမှ အင်တာဗျူးဖို့ သွားတာပေါ့ နောက်ပြီး မဂ္ဂဇင်းတိုက်ကို မသွားနဲ့တော့၊ အိမ်မှာ ပြန်အနားယူ"

ဖြူစင်မွေးလည်း ဘာမှပြန်မပြောတော့ပါ။ မြတ်နိုးက လက်ဖက် ရည်ဆိုင်ပိုင်ရှင်ကို ဆေးခန်းဘယ်နားမှာရှိသလဲမေးပြီး ဖြူစင်မွေးကို ဆေးခန်းရှိရာ ခေါ်လာပါတယ်။

"အိပ်ရေးပျက်တာ များတော့ အားနည်းပြီး အိပ်ရေးက မဝလို့ ဖြစ်တာပါ။ အနည်းဆုံး သုံးလေးရက်လောက် အနားယူလိုက်၊ နောက် ရက်တွေမှာလည်း အိမ်နားက ဆေးခန်းမှာ ဆေးဆက်ထိုးပါ၊ ကျွန်တော် ဆေးမှတ်တမ်းစာအုပ်ပေးလိုက်မယ်"

ဆေးခန်းရောက်တော့ ဆရာဝန်က ရောဂါလက္ခဏာကို ပြောပြ ပါတယ်။





"ဖြူစင်မွေး . . . ဒီအင်တာဗျူးက သိပ်အရေးကြီးသေးတာမှ မဟုတ်တာ၊ တကယ်လို့ ကျွန်တော့်ကို သွားမဗျူးစေချင်ရင် ဖုန်းဆက်ပြီး ကျန်းမာရေးအခြေအနေကိုပြောပြီး ပြန်ချိန်းလိုက်ပါ၊ အကောင်းဆုံးက ခင်ဗျားအနားယူသင့်တယ်"

"မြတ်နိုးပြောတဲ့အတိုင်း ကျွန်မလုပ်ပါ့မယ်"

"ကောင်းပြီ . . . ဒါဆို ကျွန်တော်ကားငှားလိုက်ဦးမယ်၊ ခင်ဗျား ကို ပြန်လိုက်ပို့မယ်၊ ခင်ဗျားတစ်ယောက်တည်း သွားလို့မဖြစ်ဘူး၊ လမ်း မှာ တစ်ခုခုဖြစ်မှာ ကျွန်တော်စိုးရိမ်တယ်"

မြတ်နိုးက ပြောပြောဆိုဆိုပါပဲ တက္ကစီသွားငှားပါတယ်။

ဖြူစင်မွေး စဉ်းစားနေမိပါတယ်။ ဒီလိုကျတော့လည်း မြတ်နိုး က သူမအပေါ် စိုးရိမ်ပါလားလို့။

ဘာရယ်မှန်းတော့ မသိ။ စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရပါ တယ်။

"ဆရာဝန်ပေးတဲ့ ဆေးတွေလည်း သေသေချာချာ သောက်ဦး နော်၊ နက်ဖြန်လည်း ဆေးခန်းပြဦး၊ ကျွန်တော် မဂ္ဂဇင်းတိုက်ကနေပြန်မှ လှည့်ဝင်လာခဲ့မယ်"

ကားပေါ်မှာလည်း မြတ်နိုးက ဖြူစင်မွေးကို တတွတ်တွတ်နဲ့ မှာနေပါတယ်။

"ဒီက ညီလေးက ဒီက ငါ့ညီမကို တော်တော်ချစ်တာပဲ၊ ငါ့ညီမ တော့ ချစ်သူရတာ ကံကောင်းတယ်၊ ဒီလိုကြင်နာတတ်တဲ့ သူမျိုးကိုရဖို့ ဆိုတာ မလွယ်ဘူး"

ဘုမသိ၊ ဘမသိနဲ့ ကားမောင်းသူက ပြောလိုက်တဲ့အတွက် မြတ် နိုးနှင့် ဖြူစင်မွေးတို့နှစ်ယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း မျက်နှာတွေ ထူပူကုန်ပါတယ်။

"အစ်ကိုကြီး . . . အစ်ကိုကြီးထင်သလို မဟုတ်ဖူး၊ သူနဲ့ ကျွန်တော်နဲ့က လုပ်ဖော်ကိုင်ဖက်တွေ . . ."

"ညီလေးရာ . . . ညီလေးနဲ့ ညီမလေးရဲ့ ဆက်ဆံပုံအနေအထားကိုကြည့်ပြီး အခုမဖြစ်လည်း နောက်ဖြစ်မှာပဲ၊ သံယောဇဉ်မရှိဘဲနဲ့ ဘယ်သူက ကြင်နာပါ့မလဲကွာ၊ ဒါက အစ်ကို့အတွေ့အကြုံအရ ပြောတာ"

"ဟုတ်ပြီဗျာ . . . အစ်ကိုကြီးဖာသာအစ်ကိုကြီး ထင်ချင်သလိုထင်၊ ကောက်ချက်ဆွဲချင်သလို ဆွဲပေတော့"

နောက်ဆုံးတော့ မြတ်နိုးလည်း ပြောလည်းမထူးတော့မှာနဲ့ ဘာမှဆက်မပြောတော့ပါ။ ဖြူစင်မွှေးကတော့ မျက်လုံးနှစ်လုံးကို မှိတ်ထားပြီး နောက်မှီကာ မှိန်းနေပါတော့တယ်။

❑



မဂ္ဂဇင်းတိုက်သို့မသွားဘဲ အိမ်မှာ လေးရက်အနားယူနေသည့် ဖြူစင်မွှေးထံသို့ မြတ်နိုးက ညနေတိုင်း လူနာသတင်းမေး ရောက်လာပါတယ်။

အဲဒီအချိန်ခါမျိုးမှာ ဘာကြောင့်ရယ်လို့ ပြောရမလဲမသိ။ ဖြူစင်မွှေး အတော့်ကို ကျေနပ်လို့ နေပါတယ်။

ဖြူစင်မွှေးအားပြန်ပြည့်လို့ မဂ္ဂဇင်းတိုက်ကို ဝင်ရောက်တဲ့နေ့တော့ မြတ်နိုးနဲ့ သူနဲ့ ရင်းနှီးမှုတွေက ပိုသထက် ပိုလာပါတယ်။

တစ်ယောက်နဲ့တစ်ယောက် စကားမများကြဘဲ ငြိမ်းချမ်းနေရနေလို့ မဂ္ဂဇင်းတိုက်က ဝန်ထမ်းတွေကတောင် အံ့အားသင့်နေပါတယ်။

တာဝန်ယူထားရတဲ့ ကဏ္ဍအတွက် နှစ်ယောက်သား အင်တာဗျူးတွေ သွားကြတဲ့အခါမှာလည်း မြတ်နိုးက ဖြူစင်မွှေးမကြိုက်တာ တစ်ခုမှ မလုပ်ပါ။

❑

www.burmeseclassic.com

"ခင်ရတနာ့ရယ် . . . ငါလေ အိမ်မှာ နားနေတဲ့ လေးရက်တာ ကာလအတွင်းမှာ စဉ်းစားနေမိတာ ဘာလဲသိလား"

"ဘယ်သိမလဲဟဲ့ . . . နင်ပြောမှ သိမှာပေါ့"

"ဒီလိုလေ . . . တို့လို မိန်းမသားတွေအတွက် အလိုအပ်ဆုံးက အားကိုးဖော်ပဲ၊ တို့အရွယ်မှာ အချစ်ကိုချည်းပဲ ခံစားပေးလို့ မရဘူး ကိုယ့်ရှေ့ကနေ မားမားမတ်မတ် ရပ်တည်ပေးနိုင်မယ့် သူပဲလိုတယ်"

"ဒါဖြင့်ရင် နင်က နင့်ရဲ့အားကိုးဖော်ကို တွေ့ပြီလား၊ ဘယ်သူလဲ . . . မြတ်နိုးလား"

ဖြူစင်မွှေးက ဘာမှမပြောဘဲ နေနေပါတယ်။ ပြတင်းပေါက် အပြင်ဖက်ကနေ လှမ်းမြင်နေရတဲ့ ကောင်းကင်ကြီးကို ငေးကြည့်နေပါ တယ်။

"တိတ်ဆိတ်ခြင်းဟာ ဝန်ခံခြင်းတဲ့၊ နင် မြတ်နိုးကို စိတ်ဝင်စား နေပြီ မဟုတ်လား၊ နင်ပဲပြောတော့ သူ့မှာ နင်မုန်းတဲ့အချက်(၁၀)ချက်





ထဲကနေ(၉)ချက်နဲ့ သွားငြိနေတယ်ဆို၊ (၁)ချက်လိုနေသေးတယ်ဆို"

"ဟုတ်တယ်ဟာ . . . ငါမရှက်ပါဖူး၊ ငါ့ဘဝခရီးမှာ အမြဲ သူ့ ကို အားကိုးချင်တယ်၊ ဒါပေမယ့် သူက ဖွင့်မပြောဘူး"

"ချစ်ခြင်းမေတ္တာတရားဆိုတာ လှပါတယ်ဟာ၊ ဒီလိုပဲ . . . နင်နဲ့ မြတ်နိုးတို့ရဲ့ ဘဝသစ်ပင်မှာ သီးနေတဲ့ သစ်သီးတွေက ချိုမြိန်လှပါတယ်။ မယုံရင် နင်တို့နှစ်ယောက် နင်တို့ရဲ့အချစ်သစ်ပင်တွေက သစ်သီးတွေကို ခူးစားကြည့်၊ ချိုမြိန်နေလိမ့်မယ် . . . စိတ်ချ၊ နင့်ကို မြတ်နိုးလက်ထပ်ခွင့် တောင်းလာလိမ့်မယ်"

❑



www.burmeseclassic.com

www.burmeseclassic.com

ခင်ရတနာက ထိုင်ရာကနေထကာ အိမ်နောက်ဖေးမီးဖိုချောင်ဖက် ဝင်သွားပါတယ်။ ဖြူစင်မွှေးက ခင်ရတနာပြောတဲ့ စကားတွေကို ပြန်စဉ်းစားရင်း ကောင်းကင်ကြီးကို ငေးကြည့်နေမိပါတယ်။

ခင်ရတနာပြောပြီး တစ်လအကြာမှာ မြတ်နိုးက ဖြူစင်မွှေးကို လက်ထပ်ခွင့်တောင်းခံပါတယ်။

ဖြူစင်မွှေး မငြင်းပါ။ ကြည်ဖြူစွာ လက်ခံခဲ့ပါတယ်။

သူတို့နှစ်ဦးရဲ့ ဘဝသစ်သီးတွေဟာ ချိုမြိန်ပြီပေါ့လေ။

❑ ❑ ❑



**နောက်ဆုံးတစ်ချက်ကျန်မှ**

**ငြိသွားတာ**

**အသည်းယားလိုက်တာ !!!**

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

မြို့နယ်တရားသူကြီးရုံးခန်းထဲကနေ မင်္ဂလာအသိသက်သေ လက်မှတ်ရေးထိုးပေးသော အယ်ဒီတာချုပ်မမသူတို့ဇနီးမောင်နှံနှင့် ခင်ရတနာ အပါအဝင် မဂ္ဂဇင်းတိုက်မှ ဝန်ထမ်းအချို့က ရှေ့ကနေ ထွက်ခွာသွားကြပါတယ်။

ဒီနေ့ မြတ်နိုးနဲ့ ဖြူစင်မွေးတို့နှစ်ယောက် ရုံးတက်မင်္ဂလာလက်မှတ်ရေးထိုးတဲ့နေ့ ဖြစ်နေလို့ပါ။

မြတ်နိုးက ဖြူစင်မွေးကို လက်ထပ်ခွင့်တောင်းခံပြီး သုံးလအကြာမှာ ယခုလို လက်ထပ်ဖြစ်သွားတာကို ဘဝတူချင်းတွေမို့ မဂ္ဂဇင်းတိုက်က ဝန်ထမ်းတွေလည်း ဝမ်းသာနေကြပါတယ်။

လောကကြီးက ဖြူစင်မွေးအဖို့ အံ့အားတသင့်ဖြစ်ဖို့ ကောင်းနေလို့ပါ။ ကြည့်လေ . . . သူမမုန်းတီးတဲ့ အချက်(၁၀)ချက်ရှိတဲ့ အထဲကနေ (၉)ချက်တိတိ ငြိနေတဲ့ လူတစ်ယောက်ကို လက်ထပ်ဖြစ်သွားတာ

www.burmeseclassic.com

www.burmeseclassic.com



ဖူးစာလို့ ပြောရမလားပါပဲ။

"ဖြူစင်မွေး . . . ဘာတွေစဉ်းစားနေတာလဲ၊ ရှေ့ကလူတွေက စားသောက်ဆိုင်ကို အရင်သွားနှင့်ကြပြီ၊ လာ . . . ကားပေါ်ရောက်မှ စဉ်းစား"

ညာဖက်လက်မှာ လက်ထပ်စာချုပ်နှစ်ခုကို ကိုင်ဆောင်ထားတဲ့ ဖြူစင်မွေးကို မြတ်နိုးက လက်ဆွဲခေါ်ပြောရင်းက ဘယ်ဖက်လက်နှင့် ပုဆိုးစကိုမ,ရင်း ကားရှိရာ လျှောက်သွားပါတယ်။

မြတ်နိုးပုဆိုးစကိုမ,ပြီး အတူယှဉ်တွဲ လမ်းလျှောက်နေတာကို ကြည့်ရင်း ဖြူစင်မွေးစိတ်ညစ်သွားပါတယ်။

ဘာဖြစ်လို့လဲဆို သူမမုန်းတဲ့ အချက်(၁၀)ချက်ထဲမှာ ကျန်နေတဲ့ (၁)ချက်က ပုဆိုးစမ,ပြီး လမ်းလျှောက်တဲ့ အမျိုးသားတွေကိုပါ။ ဘယ်လို ကြည့်ကြည့် အကြည့်ရဆိုးလို့ပါ။

အခုတော့ ခင်ပွန်းတော်ရမယ့်သူက အချက်(၁၀)ချက်ထဲ ကွက်တိဝင်သွားပြီ။

"မြတ်နိုး . . . ကျွန်မမုန်းတဲ့ အချက်(၁၀)ချက်ရဲ့ နောက်ဆုံးတစ်ချက်က ရှင်ပုဆိုးစမ,ပြီး လမ်းလျှောက်တာလည်း ပါတယ်နော်၊ မင်္ဂလာယူနေတဲ့ အချိန်မို့ ရန်မဖြစ်ချင်ဘူး"

"ဟုတ်ကဲ့ပါ . . . လာမှာသာ လာပါကွာ၊ ဖြူစင်မွေးနဲ့ ကျွန်တော် နောက်ကျနေရင် မကောင်းဘူး"

"ပြောရဦးမယ် . . . အခုချိန်ကစပြီး အခေါ်အဝေါ်တွေလည်း ပြောင်းရဦးမယ်"

"ကဲ . . . နောက်မှပြော . . . လာ . . . လာ"

မြတ်နိုးက ဘယ်ဖက်လက်နဲ့ ပုဆိုးစကိုမ,ရင်း ညာဖက်လက်က





ဖြူစင်မွေးလက်ကိုဆွဲကာ စောင့်နေတဲ့ကားရှိရာ ခြေလှမ်းတွေ ခပ်သုတ်သုတ်နဲ့ လှမ်းသွားပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် ဖြူစင်မွေးဘဝမှာတော့ သူမမုန်းတဲ့ အချက်(၁၀)ချက်ရှိတဲ့ သူကိုမှ ဘဝခရီးဖော်အဖြစ် ရွေးဖြစ်တာကို မည်သူတွေက အပြစ်ပြောပလေ့စေ သူမမှာ ပြောစရာစကားတစ်ခွန်းရှိပါတယ်။

အဲဒါကတော့ . . .

"ကျွန်မက မြတ်နိုးကို ချစ်မိသွားတော့လည်း ခွင့်လွှတ်ရတော့မှာပေါ့လေ"



www.burmeseclassic.com